## ပထမအကြိမ်ပြည်သူ့လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## ၂၈ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

၂၉-၉-၂၀၁၁

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၈ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့နေရာမှာ အစည်းအဝေးအစီအစဉ် ၅ ပြီးတဲ့နောက်မှာ အစည်းအဝေးအစီအစဉ် ၉ ကို ဆက်ပြီးဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ အစည်းအဝေးအစီအစဉ် ၅ ပြီးတဲ့အခါမှာ အစည်းအဝေးအစီအစဉ် ၆ နေရာမှာ အစီအစဉ် ၉ ဆောင်ရွက်ပါမယ်။ ကျန်တာ အပြောင်းအလဲမရှိပါဘူး။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိနေပါသဖြင့် ၂၉-၉-၂၀၁၁ ယနေ့နှင့်မနက်ဖြန် ၃၀-၉-၂၀၁၁ ခွင့်နှစ်ရက် ခွင့်ပြုပေးနိုင်ပါရန် ဦးအောင်သောင်းကိုယ်စား ကျွန်တော် မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မှ ခွင့်တိုင်ကြားအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်စိုးလေး(မိုးညှင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် ကိုယ်တိုင်ဆောင်ရွက်ရမယ့် အရေးကြီးလုပ်ငန်းကိစ္စရပ်များရှိပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ ရက်နေ့မှ ၃၀-၉-၂၀၁၁ အထိ ခွင့်နှစ်ရက် ခွင့်ပြုပေးပါရန် လေးစားစွာ ကိုယ်စား ကျွန်တော် မိုးညှင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းဟာ ကိုယ်တိုင်ဆောင်ရွက်ရမယ့် ကိုယ်ရေးကိုယ်တာ ကိစ္စများရှိတဲ့အတွက် ၂၉-၉-၂၀၁၁ မှ ၃၀-၉-၂၀၁၁ ရက် နေ့များမှာခွင့်အဖြစ် အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်ပါရန် ကျွန်တော် ရခိုင် ပြည်နယ်၊ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေမှ ကိုယ်စားပန်ကြားအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောနေကော်ကြီးဟာ ကျန်းမာရေးမကောင်းဖြစ်နေသေးပါသောကြောင့် ယနေ့ စက်တင်ဘာလ ၂၉ ရက်အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား သာပေါင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးဝင်းသန်းမှ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းသည် နေမကောင်း သေးပါသဖြင့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ၎င်းကိုယ်စားခွင့် တိုင်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာတင်မောင်ကြိုင်(ကြံခင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးသည် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံတွင် ဆေးစစ်ခံရန်သွားရပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ အား ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တက်ရောက်ရန် ပျက်ကွက်မှုအားခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ကျွန်တော်ဒေါက်တာတင်မောင်ကြိုင် မှ လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်သည် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ ဆေးစစ်ကုသမှုခံယူရန်ရှိပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ကံမမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးပိုက်ထွေးမှ ခွင့်တိုင်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်သည် ၎င်းကိုယ်တိုင်လုပ်ရမယ့် ကိုယ်ရေးကိုယ်တာကိစ္စရှိပါသဖြင့် ၂၉-၉-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် သူ့ရဲ့ကိုယ်စား လပွတ္တာမဲဆန္ဒနယ်မှ ကျွန်တော် ဦးဇော်ထွန်းမှ ခွင့်တိုင်ကြားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မြေမှ ဦးကျန်ထွန်းသည် မိမိကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ယင်းမာပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်မှ ဦးကျန်ထွန်း၏ ကိုယ်စားတင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်သည် အစာအိမ်ရောဂါဖြင့် ဆေးခန်းတွင် ဆေးကုသမှုခံယူနေရပါသဖြင့် ယနေ့ ၂၉-၉-၂၀၁၁ နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော် တိုက်ကြီးမဲဆန္ဒနယ်၊ ဦးဟန်စိန်မှ ရှိသေစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟာ မြို့နယ်ရဲ့ ကိစ္စရပ်များကို ဆောင်ရွက်ပေးရန်ရှိပါသဖြင့် ၂၉-၉-၂၀၁၁ ယနေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကလေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်လှိုင်က လေးစားစွာတင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်သည် ရှမ်းပြည်နယ်အစိုးရ အုပ်ချုပ်ရေးဌာန၏ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ပြဋ္ဌာန်းချက်အမှတ် ၃၂၆ အရ ပြန်တမ်းဝင်မြို့နယ်ဖြစ်ခဲ့ပြီး မြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၆၁.၄၀၆၂၅ စတုရန်းမိုင်၊ ဧကအားဖြင့် ၃၅၉၃၀၀ ဧကရှိ၍ တောင်နဲ့မြောက် ၅၃ မိုင်ခန့်၊ အရှေ့နဲ့အနောက် ၁၇ မိုင်ခန့် ကျယ်ဝန်းပါသည်။ ရပ်ကွက် ၈ ရပ်ကွက် နှင့် ကျေးရွာအုပ်စု ၃၅ အုပ်စု၊ ကျေးရွာပေါင်း ၄၄၆ ရွာနှင့် လူဦးရေ နှစ်သိန်းနီးပါးရှိပါသည်။ ညောင်ရွှေမြို့သည် ညောင်ရွှေမြို့နယ်၏ မြောက်ဘက်အစ ၆ မိုင်အကွာတွင်တည်ရှိပြီး မြို့နယ်တောင်ဘက်အခြမ်းနှင့် ဝေးကွာ၍ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိခဲ့ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုသည် တစ်ချိန်က မြို့နယ်ခွဲတစ်ခုအဖြစ် ဖြစ်ခဲ့သည်နှင့်အညီ အခြေခံပညာအထက်တန်းကျောင်း ၃ ကျောင်း၊ အလယ်တန်းကျောင်း ၄ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၁ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၅၀ ကျော်၊ ခုတင် ၅၀ ဆံ့ ရှေးယခင်ကာလကပင်ရှိခဲ့သော နမ့်ပန်ဆေးရုံ၊ ၁၃ ခုတင်ဆံ့ ဟဲယာရွာမဆေးရုံ၊ ၁၃ ခုတင်ဆံ့ စကားဆေးရုံ၊ ရှမ်းပြည်နယ်တွင် ညောင်ရွှေမြို့နယ်အတွင်း

ပဒေသရာဇ်ခေတ်ကို တော်လှန်ခဲ့သော အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုတည်ဆောက်ပေးခဲ့သော အကြီးမားဆုံး၊ အစည်ကားဆုံးသောဈေး ရောင်းဝယ်ဖောက်ကားရန် အချက်အချာကျ၍ ကောင်းမွန်သော ဆိပ်ကမ်းများနှင့် ရဲစခန်းစသည့် မြို့အင်္ဂါရပ်များနှင့်လည်း ညီညွတ်နေပါသည်။ မြို့နယ်ရုံးစိုက်ရာ ညောင်ရွှေမြို့မှ ဖယ်ခုံမြို့နယ်စပ်ထိ ခရီးမိုင် ၅၃ မိုင်ခန့်ကွာဝေးပြီး နမ့်ပန်ကျေးရွာအုပ်စုသည် ၎င်းခရီး၏တစ်ဝက်ခန့်တွင် တည်ရှိပါသည်။ တစ်ချိန်က သောင်းကြမ်းသူများ၏ ဆူပူသောင်းကြမ်းမှုများကြောင့်တရားဥပဒေစိုးမိုးရေး၊ ပျက်ယွင်းလာရာမှ ၁၉၆၇-၁၉၆၈ ခုနှစ်တွင် မြို့နယ်ခွဲအဆင့်မှ ကျေးရွာအုပ်စုအဆင့်သို့ လျှော့ချသတ်မှတ်ခြင်းခံခဲ့ရပါသည်။ နမ့်ပန်မြို့နယ်အား မြို့နယ်အဖြစ်သတ်မှတ်ပေးပါက နမ့်ပန်မြို့နယ်တွင် လူဦးရေ တစ်သိန်းနီးပါး ညောင်ရွှေမြို့နယ်တွင် လူဦးရေ တစ်သိန်းကျော်ခန့်ရှိမည်ဖြစ်၍ လူဦးရေအချိုးအစားမျှတမှုရှိပါသည်။ နမ့်ပန်မြို့နယ်တွင် ကျေးရွာအုပ်စု ၂၀ ခန့်နှင့် ရွာပေါင်း ၂၀၀ ကျော်ရှိ၍ အုပ်ချုပ်မှုယန္တရား ပိုမိုသွက်လက်လာမည် ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၅ နှစ်ကျော်က ရရှိခဲ့သည့် နမ့်ပန်မြို့နယ်ဟာ မြို့နယ်တစ်ခုအဖြစ် ပြန်လည်သတ်မှတ်ရရှိနိုင်ရေးအတွက် အင်းသူအင်းသားတို့မှာ အထူးမျှော်လင့်စောင့်စားနေပါသည်။ ယခုအချိန်တွင် တရားဥပဒေစိုးမိုးလာပြီဖြစ်သည်နဲ့အညီ နယ်မြေဒေသများမှာလည်း အေးချမ်းလာခဲ့သည်မှာကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် မေးခွန်း (က) နမ့်ပန်ကျေးရွာအုပ်စုအား မြို့နယ်အဆင့်သို့ ပြန်လည်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်။ တစ်ဆက်တည်းမှာပဲ (ခ) မြို့နယ်အဆင့်သို့ ပြန်လည်တိုးမြှင့်ရရှိနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွန်း၊ ရွှေကျင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်း (ရွှေကျင်မဲဆန္ဒနယ်)**။ ။လေးစားဂုဏ်ယူအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ခင်မင်အပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံကူးလက်မှတ်လျှာထားရှိတဲ့ရုံးများနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းလိုပါတယ်။ အခုအခါမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးကနေပြီးတော့ ကျေးရွာဒေသ များပါအပါအဝင် နိုင်ငံသားများဟာ အခြားနိုင်ငံများကို သွားရောက်ပြီးတော့ အကြောင်းကြောင်းကြောင့် သွားရောက်ကြတာတွေ့ရှိရပါတယ်။ အဲဒီလိုသွားရောက်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံကူးလက်မှတ်များကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ နိုင်ငံကူးလက်မှတ်များကို

ရန်ကုန်မြို့တစ်မြို့တည်းမှာ သွားရောက်ပြီးတော့ ထုတ်ယူရတာကြောင့် စောင့်ဆိုင်းနေရတဲ့ အခက်အခဲတွေ တွေ့ကြုံနေ ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံကူးလက်မှတ်တွေကို နေပြည်တော်မှာသော်လည်းကောင်း၊ ပြည်နယ် တိုင်းအစိုးရအဖွဲ့ရုံးစိုက်ရာ Chief Minister ဝန်ကြီးချုပ်ရုံးများရှိတဲ့ရုံးများသော်လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုကြောင်းမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိအကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသော အကျဉ်းသားများအနက် အချို့သောအကျဉ်းသားများသည် အကျဉ်းထောင်လက်စွဲစာအုပ်ပါအကျဉ်းသားများရပိုင်ခွင့်ဖြစ်သည့် လျှော့ရက်များခံစားခွင့်မရှိခြင်း၊ ထောင်ချဝရမ်းတွင်ပါရှိသည့်သတ်မှတ်ထားသောထောင်မှ ဝေးလံသောထောင်များသို့ ရွှေ့ပြောင်းခံရခြင်း၊ ထို အကျဉ်းသားများကိုအထူးအကျဉ်းသားများကဲ့သို့ထားရှိသော်လည်း ၎င်းနဲ့လျော်ညီသောအခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ မိသားစုနဲ့ထောင်ဝင်စာတွေ့ဆုံရာတွင် တစ်လတစ်ကြိမ်သာတွေ့ခွင့်ပေးပြီး၊ ၁၅ မိနစ်သာ အချိန်ပေးခြင်းတို့ကို တွေ့ကြုံနေရကြောင်း ကြားသိရပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ ဖြစ်ပေါ်နေခြင်းများနဲ့ ပတ်သက်၍ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ အောက်ပါမေးခွန်းနှစ်ရပ်ကို မေးမြန်းလိုပါသည်။ မေးခွန်း (၁)မြန်မာပြည်ရှိအကျဉ်းထောင်များတွင် သာမန်ထောင်ကျအကျဉ်းသားများနဲ့ ရောနှောမထားရှိဘဲ၊ အခန်းကျဉ်းတိုက်များတွင် သီးခြား၊ ခွဲခြားချုပ်နှောင်ထားသည့် အထူးအကျဉ်းသားများကဲ့သို့ ထားရှိခံရသူတို့အား အကျဉ်းထောင်လက်စွဲ Jail Manual အရ သာမန်ထောင်ကျအကျဉ်းသားများ ခံစားခွင့်ရှိသောရပိုင်ခွင့်များကို ခံစားခွင့်မပြုဘဲထားရှိသည့်အကြောင်းကိုသိရှိလိုပါသည်။ မေးခွန်း (၂) ထိုသို့ခံစားခွင့်များကို ပေးနိုင်၊ မပေးနိုင်ကို သိရှိလိုပါကြောင်းလေးစားစွာမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို( ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီး

ဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဖြစ်ပါတယ်။ ယခုမေးမြန်းသွားသော မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ဖြေဆိုသွားမှာဖြစ်ပါတယ်။ ဦးစွာပထမ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေရဲ့ ညောင်ရွှေမြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုအား မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ၊ မရှိနဲ့ မြို့နယ်အဆင့်ကိုတိုးမြှင့်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုတဲ့ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂)၊ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလို့ရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီးတော့ နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဤဥပဒေပြဋ္ဌာန်းချက်နဲ့အညီ လိုက်နာဆောင်ရွက်ပြီးတော့ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြလာပါက နိုင်ငံတော်သမ္မတရုံးမှသက်ဆိုင်ရာကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်ပြင်ဆင်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းနဲ့ပတ်သက်ပြီးတော့သဘောထား ပြန်လည်တင်ပြဖို့ ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရန် အောက်ဖော်ပြပါ အချက်အလက်များနဲ့ပြည့်စုံတဲ့ အမှုတွဲကိုတည်ဆောက်ပြီးတော့မှ ပြန်လည်တင်ပြစေပါတယ်။ ဒါတွေကတော့ (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက် အစည်းအဝေးမှတ်တမ်း၊ (၃) သက်ဆိုင်ရာဝန်ကြီးချုပ်ရဲ့ သဘောတူညီကြောင်း ထောက်ခံချက်နဲ့ (၄) လိုအပ် တဲ့မြေပုံ၊ စာရွက်စာတမ်းတွေပဲဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်တင်ပြလာတဲ့အမှုတွဲကို လက်ခံရရှိတဲ့အခါမှာတော့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့စိစစ်ပြီးတော့ နိုင်ငံတော်သမ္မတရုံးကို သဘောထားပြန်လည်တင်ပြ အစီရင်ခံရပါတယ်။ နိုင်ငံတော်သမ္မတရုံးက ထပ်မံစိစစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို အမှာစာ တင်ပြသွားရန် ပြည်ထဲရေး

ဝန်ကြီးဌာနကို အကြောင်းကြားစာပို့ရပါတယ်။ သက်ဆိုင်ရာကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ်၊ မြို့ပြင်ဆင်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းတွေ အခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက သဘောတူညီကြောင်း ဆုံးဖြတ်ပါက ပြည်ထဲရေး ဝန်ကြီးဌာနကလိုအပ်တဲ့ အမိန့်ကြော်ငြာစာတွေ၊ ပြန်တမ်းတွေ ထုတ်ပြန်ပေးရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ နမ့်ပန်ကျေးရွာအုပ်စုကိုမြို့နယ် အဆင့်ကိုတိုးမြှင့်ပေးရေး မေးခွန်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ ပါ ပြဌာန်းချက်များနဲ့အညီ ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွန်းရဲ့ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးကို နေပြည်တော်တွင် လည်းကောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ရုံးစိုက်ရာမြို့များတွင်လည်းကောင်း တိုးချဲ့ဖွင့် လှစ်ပေးရေးနဲ့ ပတ်သက်ပြီးတဲ့ကိစ္စဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ရန်ကုန်မှာဖွင့်လှစ်ထား တဲ့မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးကို နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး၊ ပြည် နယ်အစိုးရအဖွဲ့ ရုံးစိုက်တဲ့ မြို့ကြီးတွေမှာတိုးချဲ့ဖွင့်လှစ်ပေးဖို့တော့ လက်ရှိအစီအစဉ်မရှိသေးပါဘူး။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ အနေနဲ့ ယခင်ကနိုင်ငံကူးလက်မှတ်တွေကို တစ်လ အတွင်းမှာ ထုတ်ပေးလျက်ရှိတဲ့နေရာမှာ နိုင်ငံကူးလက်မှတ်စောင့်ဆိုင်းထုတ်ယူရတဲ့ အခက်အခဲတွေရှိ တာတွေကိုတွေ့ရှိရပါတယ်။ ဒီအခက်အခဲတွေကို လျှော့ချနိုင်အောင်အတွက်လည်း အတတ်နိုင်ဆုံး ကျိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ၊ ၁ ရက်နေ့ကစပြီး တော့မှထုတ်ပေးတဲ့ရုံးနေရာကိုလည်း ပြောင်းရွှေ့ပြီးတော့ ရက်သတ္တပတ်သုံးပတ်အတွင်းမှာ ထုတ်ပေး နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုံခြုံရေးအရ လာရောက်လျှောက်ထား သူတွေနဲ့ပတ်သက်ပြီးတော့ ကိုယ်ရေးနောက်ကြောင်းစိစစ်ဖို့နဲ့ အမည်မဲ စာရင်းစိစစ်ဖို့အတွက် ရက်သတ္တပတ်ဟာနှစ်ပတ်ကနေသုံးပတ်အတွင်း ကြန့်ကြာတာဖြစ်တဲ့အတွက် သုံးပတ်ခန့်ကြာ မှသာထုတ် ပေးနိုင်ခြင်းဖြစ်ပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံကူးလက်မှတ်တွေကို ၂၀၁၀ ခုနှစ်၊ ဧပြီလ၊ ၁ ရက် နေ့ကစပြီးတော့မှ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ICAO ရဲ့ သတ်မှတ်ချက်များနဲ့အညီ Machine Retailble Passport MRP စနစ်ကိုပြောင်းလဲပြီးတော့မှ နိုင်ငံတကာနဲ့အဆင့်မီအောင် ပြောင်းလဲပြီးတော့မှကျင့်သုံးနေရပါတယ်။ ဒီ MRP စနစ်ဟာ လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများနဲ့ ရိုက်နှိပ် ရတဲ့ကိစ္စဖြစ်ပါတယ်။ ထို့အတူပဲ ဒီ နိုင်ငံကူး လက်မှတ်စာအုပ်အလွတ်တွေဟာလည်း လုံခြုံရေးနဲ့ဆိုင်တဲ့ စာရွက်စာတမ်းတွေဖြစ်တဲ့အတွက်

သတ်မှတ်ထားတဲ့တစ်နေရာတည်းမှာပဲထားသိုခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်းတွေကို ပြုလုပ်ပေးနေရတဲ့အတွက်လည်း ပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အခုကို ခေတ်မီစနစ်တွေကျင့်သုံးပြီးတော့ လုပ်ဆောင်ရတာဖြစ်တဲ့အတွက် အခုလို ရန်ကုန်မြို့တစ်နေရာထဲကနေပြီးတော့မှပဲ ထုတ်ပေးနေရခြင်းဖြစ်ပါတယ်။ သို့သော်လည်း ရန်ကုန်ကိုလာရောက်ပြီးတော့ ထုတ်ယူဖို့အတွက် အထူးအခက်အခဲရှိနေတဲ့ ကိစ္စရပ်တွေရှိပါတယ်။ ဥပမာ- ကျန်းမာရေးမကောင်းတာ၊ အသက် အရွယ်ကြီးရင့်တာ သို့မဟုတ် အခြေအနေအရ၊ လိုအပ်ချက်အရ ရှိလာလို့ရှိရင်တော့ ကျွန်တော်တို့ဒီ Home Service လို့ခေါ်တဲ့ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုလုပ်ပေးဖို့အတွက် အဖွဲ့ဖွဲ့ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို အထူးအခက်အခဲတွေရှိလာပြီဆိုလို့ရှိရင်လည်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးမှာရှိတဲ့ ဒီ Home Service ဌာနစိတ်ကို လျှောက်ထား လာမယ်ဆိုလို့ရှိရင် စိစစ်ပြီးတော့မှ ကျွန်တော်တို့အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းရဲ့ အကျဉ်းသားများခံစားခွင့်၊ ရပိုင်ခွင့်နဲ့ပတ်သက်တဲ့မေးခွန်းပေါ်မှာ ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အကျဉ်းထောင်များမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသားတွေကို အကျဉ်းထောင်လက်စွဲဥပဒေနဲ့အညီ အကျဉ်းသားရပိုင်ခွင့်တွေကို ခွင့်ပြုပေးလျက်ရှိပါတယ်။ အကျဉ်းသားတွေကို ပြစ်ဒဏ်ကာလတိုတောင်းစေရန်အတွက် ဥပဒေနဲ့အညီ စည်းကမ်းသတ်မှတ်ပြီးတော့မှ ပြစ်ဒဏ်မှနှုတ်ပယ်ရတဲ့ သာမန်လျှော့ရက်နဲ့ အထူးလျှော့ရက်တွေကို ခံစားခွင့် ပေးလျက်ရှိပါတယ်။ အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ ၈၃၈ မှာ သာမန်လျှော့ရက်တွေကို အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ အကျဉ်းထောင်စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းအတွက် တစ်လလျှင်နှစ်ရက်၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ခြင်းနဲ့နေ့စဉ်သတ်မှတ်ထားတဲ့ လုပ်ငန်းတွေကို ကျေပွန်စွာထမ်းဆောင်ခြင်းအတွက် တစ်လလျှင် နှစ်ရက်ခွင့်ပြုပေးဖို့အတွက် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အကျဉ်းထောင် လက်စွဲဥပဒေပုဒ်မ ၈၄၁ မှာ စနေ၊ တနင်္ဂနွေနေ့များနဲ့ အစိုးရရုံးပိတ်ရက်များဖြစ်တဲ့ အကျဉ်းထောင်ပိတ်ရက်တွေမှာ အကျဉ်းထောင်ရဲ့နေ့စဉ်လုပ်ငန်းများဖြစ်တဲ့ ထမင်းချက်၊ တံမြက်စည်းလှည်းစတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်တဲ့ အကျဉ်းသားများကိုလည်း သုံးလမှာတစ်ကြိမ် သာမန်လျှော့ရက်သုံးရက် ခံစားခွင့်ပြုဖို့ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၈၄၈ မှာ အထူးလျှော့ရက်တွေကို ညွှန်ကြားရေးမှူးချုပ်၊ ခရိုင်အုပ်ချုပ်ရေးမှူးအရာရှိ၊ ထောင်တာဝန်ခံအရာရှိတွေက သတ်မှတ်ချက်များနဲ့အညီ ခွင့်ပြုပေး လျက်ရှိပါတယ်။ ဒီလိုအထူးလျှော့ရက်

ခံစားခွင့်ပြုတဲ့နေရာမှာ အကျဉ်းသားတိုင်းဟာ သာမန်လျှော့ရက် ခံစားခွင့်ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ ယခုဆက်လက်တင်ပြသွားမယ့် အထူးဆောင်ရွက်ချက်များအတွက် အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၈၄၇ နဲ့အညီအထူးလျှော့ပေါ့ရက်တွေကိုလည်း ခံစားခွင့်ပြုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီအချက်တွေကတော့ (က) သူတို့သတ်မှတ်ထားတဲ့ အကျဉ်းထောင်စည်းမျဉ်း၊ စည်းကမ်းချိုးဖောက်မှုတွေကို ဖော်ထုတ်ပေးခြင်းနဲ့ ကာကွယ်ခြင်းတွေကို ကူညီထောက်ပံ့ပေးခြင်း၊ (ခ) လက်မှုပညာသင်ကြားမှုမှာ အောင်မြင်ခြင်း၊ အလုပ်လုပ်ရာမှာ အထူးကောင်းမွန်သောပစ္စည်း အရည်အသွေးတွေရရှိစေခြင်း သို့မဟုတ် ထုတ်လုပ်မှုအရေအတွက် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ (ဂ) အကျဉ်းထောင်အရာရှိအား တိုက်ခိုက်မှုမှကာကွယ်ပေးခြင်း၊ အကျဉ်းထောင်အရာရှိအား မီးဘေး ကိစ္စပေါ်ပေါက်ရာတွင် သို့မဟုတ်အလားတူအရေးပေါ်ကိစ္စတွင်ကူညီဆောင်ရွက်ပေးခြင်း၊(ဃ) အဝတ်အစားဝတ်ဆင်ရာတွင် ခြိုးခြံချွေတာခြင်း၊ (င)ကူးစက်ရောဂါ သို့မဟုတ် ကပ်ရောဂါကျရောက်သည့် အခါတွင်လူနာများအား ပြုစုကြည့်ရှုပေးခြင်းဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ ဒီ အကျဉ်းသားတွေအပေါ်မှာ လျှော့ပေါ့ခံစားခွင့်နဲ့ပတ်သက်တဲ့ ဥပဒေပုဒ်မတွေဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ နောက်တစ်ချက်က ဒီအကျဉ်းသားများအပေါ်မှာ အကျဉ်းသီးခြားတိုက်ခန်းတွေနဲ့ချုပ်နှောင်ထားတဲ့ကိစ္စဖြစ်ပါတယ်။ မြန်မာနိုင်ငံအကျဉ်းထောင်များမှာ တိုက်ခန်းများထားရှိခြင်းနဲ့ပတ်သက်ပြီးတော့ အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၈၆၀ မှာသီးခြားတိုက်ခန်းတွင် ချုပ်နှောင်ရန်နှင့် အလုံတိုက်ပိတ်ရန်အတွက် တတ်နိုင်လျှင် အကျဉ်းထောင်တိုက်၌ တိုက်ခန်းများထားရှိပေးရမည်။ သတ်မှတ်စံချိန်ပုံစံ သို့မဟုတ် စစ်ဆေးရေးမှူးချုပ်မှ သင့်တော်သည်ဟုထောက်ခံချက်ရ အသုံးပြုမည့် တိုက်ခန်းကို အလုံချထားရန်အတွက် အသုံးပြုရမည်။ တိုက်ခန်းတိုင်းသည်အကျဉ်းသားအား အခြားအကျဉ်းသားများနဲ့ ဆက်သွယ်မှုပြုလုပ်ရန် နည်းလမ်းမရရှိစေပဲ အကျဉ်းသားအား လေကောင်းလေသန့်ခံစားခွင့်ရရှိစေရန်အတွက် ကွက်လပ်ခြံမြေကို တိုက်နဲ့ဆက်သွယ်ထားရှိရမည်။ တိုက်ခန်းများအား အောက်ပါအတိုင်းအသုံးပြုရမည်။ (က)ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၃ နှင့် ၇၄ တို့အရ အလုံထောင်ချသည့်အပြစ်များကိုဆောင်ရွက်ရန်၊ (ခ)အကျဉ်းထောင်ဥပဒေအရ သီးခြားချုပ်နှောင်ခြင်းနှင့် တိုက်တွင်းချုပ်နှောင်ခြင်းတို့အတွက် ဆောင်ရွက်ရန်၊ (ဂ) အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၄၃၈ အရ အကျဉ်းထောင်တာဝန်ခံ၏ ထင်မြင်ယူဆချက်နှင့် တစ်ခြားအကျဉ်းသားတစ်ဦးသည် အခြားအကျဉ်းသားများနဲ့ ရောရောနှောနှောပူးပူးပေါင်းပေါင်းနေထိုင်ခြင်းသည် စည်းကမ်းငြိမ်ဝပ်ပိပြားခြင်းကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သည် သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ရန်လှုံ့ဆော်သည် သို့မဟုတ် ဆွဲဆောင်သွားနိုင်သည်ဟုထင်မြင်လျှင် ယင်းအကျဉ်းသားကို တိုက်တွင်သီးခြားထားရှိနိုင်သည်။ (ဃ)ရူးသွပ်နေသူများ

အားအခြေအနေစောင့်ကြပ်ကြည့်ရှုရန်၊ (င) ကျန်းမာရေးအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်နဲ့ ဝမ်းဗိုက်မကောင်း၍ ဝမ်းပျက်နေသူများ သို့မဟုတ် အခြားနာမကျန်းမှုများ သို့မဟုတ် မိမိကိုယ်မိမိ နာမကျန်းစေရန် သို့မဟုတ် အနာဖြစ်စေရန်အတွက် ကိုယ်ခန္ဓာနဲ့စိတ်အား ဘေးဖြစ်စေတတ်သော နည်းလမ်းများဖြင့်ပြုလုပ်သူများ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းတွင်ထိခိုက်နေသော အကျဉ်းသားများအားထားရှိရန်၊ (စ) သေဒဏ်ချမှတ်ခံရသူများအားချုပ်နှောင်ထားရှိရန်တို့ ပြဋ္ဌာန်းထားပါတယ်။ ဒီအချက်များနဲ့ကိုက်ညီလို့ရှိရင် ခုနကပြောတဲ့ သီးခြားတိုက်ခန်းတွေမှာထားရှိသွားတာဖြစ်ပါတယ်။ အဲတော့ အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၄၂၀ မှာတော့ အကျဉ်းသားတွေကို A class, B class နဲ့ C class အတန်းသုံးမျိုး ခွဲခြားသတ်မှတ်ထားသော်လည်း တော်လှန်ရေးကောင်စီအစိုးရ တရားရေးရာဝန်ကြီးဌာနရဲ့ ၁၅-၁-၁၉၆၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၂) နဲ့ အတန်းအစားသုံးမျိုးခွဲခြားထားခြင်းအားရုပ်သိမ်းပြီးတော့ တစ်တန်းတစ်စားတည်းသာ ထားရှိရန်သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအကျဉ်းထောင်အများစုဟာ ကိုလိုနီခေတ်က ဆောက်လုပ်ခဲ့တာဖြစ်တဲ့အတွက် ထိုခေတ်နယ်မြေအသီးသီးမှာရှိတဲ့ လူဦးရေနဲ့ပြစ်မှုကျူးလွန်သူအချိုးအစားကို ကိုက်ညီစေရန်အတွက် အကျဉ်းထောင်တွေကို ဆောက်လုပ်ထားတာဖြစ်ပါတယ်။ သို့သော်လည်း တစ်နှစ်ထက်တစ်နှစ် ဒါလူဦးရေများပြားလာပြီး ပြစ်မှုကျူးလွန်သူများ များပြားလာတဲ့အတွက် ၎င်းတို့အားထားရှိဖို့အတွက် အကျဉ်းထောင်အသစ်တွေကိုလည်း တိုးချဲ့ဆောက်လုပ်ခဲ့ရပါတယ်။ သို့သော်လည်း တချို့အကျဉ်းထောင်တွေမှာ လူဦးရေကြပ်တည်းမှုတွေဖြစ်ပေါ်လာခဲ့လို့ တချို့အကျဉ်းသားတွေဟာ လူဦးရေနည်းပါးတဲ့ အကျဉ်းထောင်တွေကိုလည်း ရွှေ့ပြောင်းပြီးတော့ ပို့ဆောင်ရတာတွေရှိပါတယ်။ လူဦးရေကြပ်တည်းလာတာနဲ့အမျှ အကျဉ်းထောင်များတွေကို ဖြန့်ခွဲထားရှိပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ အကျဉ်းထောင်တွေဟာ မီးရထား၊ မော်တော်ကား၊ လေယာဉ်တို့နဲ့လုံခြုံအေးချမ်းစွာသွားလာနိုင်တဲ့ ခရီးအကွာအဝေးတွေမှာပဲ ဖွင့်လှစ်ထားရှိပါတယ်။ မိသားစုများအနေနဲ့ အကျဉ်းသားတွေကို ထောင်ဝင်စာတွေ့တဲ့နေရာမှာ တချို့နယ်အကျဉ်းသားတွေကိုတော့ ရက်သတ္တပတ်တစ်ပတ်လျှင်တစ်ကြိမ်၊ ထောင်ကျအကျဉ်းသားတွေကိုတော့ နှစ်ပတ်လျှင်တစ်ကြိမ် တွေ့ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေပုဒ်မ ၇၈၄/၅ အရ သာမန်အားဖြင့်ဧည့်တွေ့ခြင်းကို ခွင့်ပြုချိန်ဟာ မိနစ် ၂၀ ထက်မကျော်လွန်စေရလို့ ပါရှိပါတယ်။ သို့သော်လည်း အကျဉ်းထောင်တာဝန်ခံရဲ့ ဆန္ဒဆုံးဖြတ်ချက်နဲ့ တိုးမြှင့်ခွင့်ပြုနိုင်တယ်လို့လည်း ဖော်ပြထားပါတယ်။ အကျဉ်းထောင်ကြီးတွေမှာတော့ အချုပ်သားနဲ့ အကျဉ်းသားဦးရေဟာများပြားတဲ့အတွက် လာရောက်တွေ့ဆုံတဲ့ ထောင်ဝင်စာ၊ ဧည့်တွေ့မိသားစုတွေဟာ များပြားလွန်းတဲ့အတွက် ဧည့်တွေ့ချိန်ကိုသတ်မှတ် ပေးထား

ရခြင်းပဲဖြစ်ပါတယ်။ အကျဉ်းထောင်တွေနဲ့ အလုပ်စခန်းတွေမှာတော့ အကျဉ်းသားနည်းတဲ့အတွက် ဧည့်တွေ့ချိန်ဟာ ပိုမိုရပါတယ်။ ဘဝသစ်စခန်းတွေမှာ ဆိုလို့ရှိရင်တော့ မိသားစုနဲ့အတူတောင် ညအိပ် ညနေခွင့်ပြုပေးလျက်ရှိပါတယ်။ အဲဒီတော့အကျဉ်းသားတွေကို လျှော့ပေါ့ရက်တွေနဲ့ ပတ်သက်ပြီး တော့နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်နေ့ အမိန့်အမှတ် ၂၈/၂၀၁၁ နဲ့ လွတ်ငြိမ်း ချမ်းသာခွင့်ပေးထားပြီးတော့ ဒီအမိန့်နဲ့အညီ သာမန်လျှော့ရက်များအပြင် အထူးလျှော့ရက်ကိုတစ် နှစ်စီထောင်ကျအကျဉ်းသားတွေလည်း ခံစားခွင့်ရရှိထားပြီးဖြစ်ပါတယ်။ အဲတော့ မြန်မာနိုင်ငံအကျဉ်း ထောင်များမှာ အကျဉ်းသားများရပိုင်ခွင့်ကို အခွင့်အရေးကို အကျဉ်းထောင်လက်စွဲဥပဒေနဲ့ အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လျှော့ရက်တွေကိုလည်း အကျဉ်းထောင် စည်းမျဉ်းစည်းကမ်းများလိုက် နာခြင်းရှိလျှင် လိုက်နာသလိုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကျဉ်းထောင်လုပ်ငန်းတွေမှာပါဝင် ဆောင်ရွက်ခြင်းတို့အတွက်လည်း လျှော့ရက်များ ခွင့်ပြုပေးလျက်ရှိပါကြောင်း ဖြေကြားရင်းနိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကင်းစိန်၊ သရက်ချောင်းမဲဆန္ဒနယ်ကမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကင်းစိန်(သရက်ချောင်းမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနဲ့ပြည့်စုံကြပါစေလို့ ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးကင်းစိန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမေးတဲ့မေးခွန်းဟာ ဒေသခံပြည်သူများရဲ့ ကိုယ်စား ကျွန်တော်မေးမြန်း တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့ဟာ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မြို့ကြီးများမှတစ်ဆင့် မြန်မာ့မီးရထားဖြင့် ကုန်စည်ကူးသန်း ရောင်းဝယ်သူ ပေါများလျက်ရှိပါတယ်။ မြန်မာ့မီးရထားဟာ ယခင်ကဆိုလျှင် ရေးမြို့အထိသာလျှင် ရောက်ရှိခဲ့ပါတယ်။ ယခုဆိုလျှင် ရေးမြို့မှထားဝယ်မြို့သို့ ၁၉၉၈ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာစည် ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမှတစ်ဆင့် မြန်မာ့မီးရထားလမ်းပိုင်းကို မြိတ်၊ ကော့သောင်းအထိ ဆက်လက်ဖောက်လုပ်မည်ဟု ရည်ရွယ်လျက် ကုမ္ပဏီများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလောလောဆယ်တွင် မြိတ်မြို့သို့ ရောက်ရှိစေခြင်းအလို့ငှာ အပိုင်းလိုက်ကုမ္ပဏီများကို တာဝန်ပေးအပ်၍ ဖောက်လုပ်လျက်ရှိပါတယ်။ ထားဝယ်မြို့မှ သရက် ချောင်းလမ်းပိုင်းကိုလည်းပဲ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနည်းတူ မြိတ်မြို့အပိုင်သမုတ်ကျေးရွာမှ

စ၍ ပုလောမြို့အထိဖောက်လုပ်ခဲ့သည်မှာ ယခုအချိန်ထိ ၁၀ မိုင်ခန့်ဖောက်လုပ်ပြီးစီးနေပြီဟု သိရှိရပါတယ်။ မီးရထားဖြင့်သွားလာတဲ့အခါ စရိတ်စကသက်သာပြီး ကောင်းမွန်သောလုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် အမြန်ပြီးစီးနိုင်ရန် အထူးပင်တိုက်တွန်းအပ်ပါတယ်။ အမြန်ဆိုသည့်နေရာတွင် ရထားလမ်းအမြန်ပြီးစီးနိုင်ရန် ကုမ္ပဏီများမှ တာဝန်ယူ၍ ကန်ထရိုက်စနစ်ဖြင့် ဖောက်လုပ်နေသည်ကို တွေ့ရှိရပါတယ်။တချို့သောလမ်းအပိုင်းများတွင် ဖြောင့်တန်းပြီးဖောက်လုပ်ရသည့်နည်းတူ တချို့သောနေရာများကိုဝေ့ကာဝိုက်ကာရှောင်ကွင်း၍ ဖောက်လုပ်ခဲ့ရပါတယ်။ အချို့သောနေရာများတွင် ချိုင့်ဝှမ်းများကိုလည်းပဲဖို့မြေများအသုံးပြု၍ ဖောက်လုပ်ဆောင်ရွက်နေခဲ့တာကိုသိရှိရပါတယ်။ ရထားလမ်းဖောက်လုပ်တဲ့အခါမှာ အချို့သောနေရာများမှာ လယ်ကွင်းများ၊ တောတောင်များ၊ ဥယျာဉ်ခြံများ၊ စီမံကိန်းဝင်ရာဘာခြံများ၊ ဆီအုန်းခြံများကိုဖြတ်၍ ဖောက်လုပ်ရမှာဖြစ်ပါတယ်။ ဖောက်လုပ်တဲ့နေရာများတွင် မီးရထားလမ်းအတွက် အကျယ်ပေ ၁၅၀ ခန့်သာလိုကြောင်းနှင့် မြေနိမ့်ပိုင်းများဆိုလျှင် တောင်ယာမြေများကို ယူ၍ဖို့ခြင်းမဟုတ်ဘဲ အနီးအနားမှာ တစ်ဆက်တစ်စပ်တည်းရှိသော မြေများကိုစက်ယန္တရားကြီးများဖြင့် ဖို့ယူခြင်းဖြင့် မြေဧရိယာ ကျယ်ပြန့်စွာ အသုံးချခြင်းကြောင့် တွင်းကြီးများ၊ မြောင်းကြီးများသဖွယ် ဖြစ်သွားပါတယ်။ ဥယျာဉ်ခြံမြေရှိ စားပင်သီးပင်များပါရှိသွားခြင်း၊ စီမံကိန်းဝင်ရာဘာခြံများ ဆုံးရှုံးရခြင်းဖြစ်ပေါ်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၌ ကျေးလက်နေပြည်သူများသည် လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံ၊ ရာဘာခြံများကို လုပ်ကိုင်စားသောက်နေကြသော ဆင်းရဲသား ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ ကုမ္ပဏီများသည် မြန်မြန်ပြီးလျှင် များများအကျိုးရှိမည့်သူများဖြစ်၍ စေတနာထားဆောင်ရွက်မှုနည်းပါးနေသည်ဟု ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်တဲ့အတွက် ကျွန်တော် အောက်ပါမေးခွန်းတစ်ခုကို မေးမြန်းလိုပါတယ်။ (က) ကျေးလက်ပြည်သူများ၏ ပိုင်ဆိုင်မှုများကို နစ်နာဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် မျှမျှတတစဉ်းစားပြီး ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊မရှိ။ ရှိလျှင်လည်း မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ကိုသိလိုပါကြောင်း မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသောပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မသည်မဖြစ်နိုင်မှန်းသိပါလျက်နဲ့ မြို့တော် ဘားအံ

မှဒေသခံပြည်သူများ၏ ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် နားလည်ပေးစေလိုပါကြောင်း ကြိုတင်မေတ္တာရပ်ခံ အပ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျေးလက်ဒေသဖွံ့ဖြိုးစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အဓိကကျသကဲ့သို့ ကုန်စည်စီးဆင်းမှု လျှင်မြန်ချောမွေ့စေရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေးသည် လည်းဆင်းရဲနွမ်းပါးမှု လျှော့ကျစေရေးကို အထောက်အကူပြုစေကြောင်း နားလည်မိပါသည်။ အထူး သဖြင့် ကရင်ပြည်နယ်မြို့ရှိ ဖာပွန်၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီကဲ့သို့သော နယ်စပ်မြို့နယ်များမှ ဒေသခံပြည်သူများသည် ဘားအံမြို့မှ တစ်ဆင့် ရန်ကုန်နှင့် အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များသို့ ကူးသန်းသွားလာနေကြရပါတယ်။ ပြည်တွင်းဖြစ်စားသောက်ကုန်၊ လူသုံးကုန်များကိုလည်း ရန်ကုန်မြို့ တွင်အများဆုံးဝယ်ယူကြရပါသည်။ ၎င်းကုန်ပစ္စည်းများကို သယ်ဆောင်ရာ၌ ကုန်တင်ဝန်ဆောင်ခမှာ အလွန်ဈေးနှုန်းမြင့်မားလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ဒါ့အပြင် ရန်ကုန်မှဘားအံသို့ ညပိုင်း သွားလာနေကြရသော ခရီးသည်တင်ကားများသည် သံလွင်မြစ်ကူးတံတားထိပ်၌ ည ၁၂ နာရီ ဝန်းကျင် တွင်ရောက်ရှိလာပြီး လမ်းတံတား၏ လုံခြုံရေးကြောင့် မနက် ၅ နာရီအထိ စောင့်ဆိုင်းနေကြရ ပါသည်။ အထူးသဖြင့် မိုးရာသီကာလ၌ ခရီးသွားလာရသော လုပ်သားပြည်သူများသည် ပို၍စိတ် အနှောင့်အယှက်ဖြစ်ကြရပါသည်။ ထိုသို့ စောင့်ဆိုင်းရခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း သာမက အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားလာရသော သက်ကြီးရွယ်အိုများ၊ သားသည် မိခင်များ အတွက် အလွန်စိတ်ညစ်ရပါသည်။ ယခုအခါ မြဝတီမြို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများထား ရှိပေးခြင်း၊ ဘားအံမြို့နှင့်မြဝတီမြို့တွင် စက်မှုဇုန်များ တည်ဆောက်ပေးရန် စီစဥ်နေပြီဖြစ်ရာ ကုန်စည် စီးဆင်းမှုသည် မကြာမီ ပိုမိုကောင်းမွန်လာမည်ဟု ယူဆရပါသည်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာစေရေးနှင့် ကုန်စည်သယ်ဆောင်စရိတ် ပိုမိုသက်သာစေရေးအတွက် ရန်ကုန်-မော်လမြိုင်-ဘားအံ သို့မဟုတ် ရန်ကုန်-သထုံ-ဘားအံ မီးရထားများပြေးဆွဲပေးရန် အစီအစဥ် ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းရပါသည်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စား လှယ်နှစ်ဦး၏မေးခွန်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကျွန်တော်ဦးအောင်မင်းမှ

ပြန်လည် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်မှ တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးလက်ပြည်သူများ၏ ပိုင်ဆိုင်မှုများကို နစ်နာဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် မျှမျှတတစဉ်းစားပြီး ရထားလမ်းဖောက်လုပ် ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်း ထားသည့်မေးခွန်းကို ပထမဦးစွာ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံ တစ်ဝန်းသို့ ရထားလမ်းကွန်ယက်များ ရောက်ရှိစေရေးအတွက် ရထားလမ်းသစ်များကို ဖောက်လုပ် လျက်ရှိရာမှာ ထားဝယ်မှ မြိတ်အထိ အရှည် ၁၃၂.၅ မိုင်ရှိ ရထားလမ်းလည်း အပါအဝင် ဖြစ်ပါတယ်။ ထိုရထားလမ်းဖောက်လုပ်ရာတွင် ဒေသခံပြည်သူများ နစ်နာမှုမရှိစေရေးအတွက် တတ်နိုင်သမျှလယ်ကွင်းများ၊ ဥယာဉ်များကို ရှောင်ကွင်း ဖောက်လုပ်လျက်ရှိပါတယ်။ ရထားလမ်း၊ ဘူတာနေရာများရွေးချယ်ရာတွင် မြို့ရွာများနှင့် ဝေးလျှင် ရထားလက်မှတ်ခ ၁၀၀၊ ဆိုက်ကား၊ မြင်းလှည်းခ ၁၀၀၀ ဖြစ် ပေါ်လျက်ရှိ၍ လမ်းအူကြောင်းကို ဂရုစိုက်ရွေးချယ်ရပါတယ်။ ထိုသို့ ရထားလမ်းတာပေါင်များကို တည်ဆောက် ရာမှာလည်း ရထားများ အန္တရာယ်ကင်းရှင်းစေရေးအတွက် တာပေါင်ထိပ်ဝ အကျယ် ပေ ၂၀ ထားရှိပြီး တစ်ဖက်တစ်ချက် ဆင်ခြေလျော ၁ း ၂ ထားရှိသဖြင့် ၁၀ ပေ ခန့်အမြင့်ရှိသည့် တာပေါင်တွေ၊ အောက်ခြေအကျယ်မှာ ပေ ၆၀ ဖြစ်သွားပါတယ်။ ထို့အပြင် တာပေါင်၏အောက်ခြေ တွင် ၂၅ ပေစီ ကွာလျက်မြေသားယူသည့် တာကျင်းများကို ၁၀ ပေခန့်စီတူးရပါတယ်။ ရထားလမ်း အတွက် စုစုပေါင်းမြေအကျယ်ဟာ ပေ ၁၃၀ ခန့်လိုအပ်ပါတယ်။လက်ရှိ ရထားလမ်းများဖောက်လုပ် ရာတွင်ဒေသခံပြည်သူများ မနစ်နာ စေရေး အတွက် လယ်ယာမြေ၊ ဥယာဉ်ခြံမြေ၊ ရာဘာခြံနှင့် ဆီအုန်းခြံများ ထိခိုက်ပျက်စီးမှု လျော့နည်း စေရေးအတွက် ရထားလမ်းနယ်ကို လိုအပ်သလောက် အနည်းဆုံးသာယူစေရေးအတွက် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဆင့်ကဲဆင့်ကဲ တာဝန်ရှိသူများကိုလည်းကြပ် မတ်သွားစေမည် ဖြစ်ပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာမှ ရန်ကုန်-မော်လမြိုင်မှ ဘားအံ သို့ ရန်ကုန်-သထုံမှ ဘားအံ ရထားများပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းထားပါတယ်။ ရန်ကုန်-သထုံမှ ဘားအံရထားလမ်းကို စဉ်းစားမည်ဆိုပါက ရန်ကုန်-သထုံ-မြိုင်ကလေးရထားလမ်း အရှည် ၁၆၀ မိုင်မှာ လက်ရှိရထားပြေးဆွဲနေသော ရထားလမ်းပိုင်းဖြစ်ပါတယ်။ ထိုရထားလမ်းကို ဘားအံကို ဆန့်ထုတ်မည်ဆိုပါက သံလွင်မြစ်ကူးနှင့် ဘားအံဘူတာနေရာ ရွေးချယ်မှုပေါ်မှာမူတည်ပြီး

တော့ရထားလမ်းကို ၆ မိုင်မှ ၈ မိုင်အထိ ဆက်လက်ဖောက်လုပ်ပေးရမှာဖြစ်ပါတယ်။ ထို့အပြင် လက်ရှိ သံလွင်မြစ်ကူးကားလမ်းတံတားမှာ ရထား၏ဝန်ချိန်ကို ခံနိုင်မည်မဟုတ်သဖြင့် သီးခြား သံလွင်မြစ်ကူး ရထားတံတားကြီးကို ထပ်မံတည်ဆောက်ရမှာဖြစ်ပါတယ်။ ရန်ကုန်-မော်လမြိုင်မှ ဘားအံရထားလမ်း ကိုရွေးချယ်မယ်ဆိုရင် အတ္တရံမြစ်နှင့် ဂျိုင်းမြစ်ကို ဖြတ်ကူးရန် ရထားတံတားများအပြင် နောက်ထပ် ရထားလမ်းအရှည် ၂၅ မိုင်ကို ထပ်မံဖောက်လုပ်ရမှာဖြစ်ပါတယ်။ အဆိုပါ ရထားလမ်း ၂ ခုအနက် ရန်ကုန်-သထုံ-မြိုင်ကလေးမှ ဘားအံအထိ ရထားလမ်းမှာ ပိုမိုသင့်လျော်သောလမ်း ဖြစ်ပါတယ်။ သံလွင်မြစ်ကူးရထားတံတား မတည်ဆောက်နိုင်မီကာလတွင် ယခုကားလမ်း၏ တံတား၏ထိပ် တစ်ဖက်တစ်ချက်တွင် ဘူတာဆောက်လုပ်၍ ရထားလမ်းဖောက်လုပ်သင့်ပါတယ်။ မြန်မာ့မီးရထား အနေဖြင့် ရထားလမ်း ကွန်ယက်များအား နိုင်ငံတစ်ဝန်း ရောက်ရှိစေရေးအတွက်တည် ဆောက်လျက် ရှိရာဆောင်ရွက်ဆဲ ရထားလမ်းစီမံကိန်း ၁၃ ခု၊ လမ်းအရှည် ၂၂၅၅ မိုင်ဖောက်လုပ်ရန်ရှိပြီး ယခုအခါ ၄၇၅ မိုင်ကို ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ရထားလမ်းအရှည် ၁၇၈၀ မိုင်ကိုလည်း ဆက်လက် ဖောက်လုပ်လျက်ရှိပါတယ်။ အထက်ပါဖော်ပြတဲ့ ရထားလမ်းများကို ဖောက်လုပ် ပြီးစီးသွားပါက ဘားအံ သို့ ရထားလမ်း ဆက်လက်ဖောက်လုပ်မည့်ကိစ္စကို နိုင်ငံတော်အစိုးရသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေရှင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဘထီး၊ ရမ်းဗြဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘထီး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီးဖြစ်ပါတယ်။ ကျွန်တော်က ပြည်တွင်းရေကြောင်း သင်္ဘောကိစ္စနဲ့ပတ်သက်လို့ မေးမြန်းလိုပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲမြို့နယ်ဟာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိပြီးတော့ကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏ ပြည်နယ်မြို့တော်ဖြစ်တဲ့ စစ်တွေမြို့နဲ့ဆက်သွယ်ရာမှာ အဓိကအားဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများကို သာအားထားနေရပါတယ်။ ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများ ဆိုက်ကပ်ရန်အတွက်လည်းပဲ အခိုင် အမာ ဆိပ်ခံတံတားတည်ရှိပြီးဖြစ်ပါတယ်။ သို့ရာတွင် ယခုအခါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများဟာ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစပြီးတော့ကာ စက်သုံးဆီအခက်အခဲကြောင့်လုံးဝ

ဆိုက်ကပ်ခြင်းမပြုတော့ပါသဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံလူတန်းစားများ၊ ခရီးသွား ပြည်သူများခရီးသွားလာရေး အခက်အခဲကြုံတွေ့နေရပါတယ်။ ပုဂ္ဂလိကပိုင်ရှိပြီးသား အမြန်လိုင်းဘုတ်မှာလည်းဆိပ်ကမ်းသို့ ဝင်ရောက်မှုမရှိဘဲ မြစ်ဝတွင်သာ ရပ်နားပြီး ခရီးစရိတ်ကလည်း အင်မတန်ကြီးလေးလှပါတယ်။ သို့ပါ၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရီးသွားလုပ်သားပြည်သူများ ခရီးသွားလာမှုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်အတွက် ယခင်ပုံမှန်ပြေးဆွဲနေကြအတိုင်း ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများ နောင်တွင် ပြေးဆွဲ၊ ဝင်ထွက်၊ ဆိုက်ကပ်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါကမည်သည့်ကာလတွင် ပြေးဆွဲနိုင်မည်နှင့် ပြေးဆွဲမည့်အစီအစဉ်ကို သိလိုပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများအားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်ဟာ အစိုးရပြည်တွင်းရေကြောင်း သင်္ဘောလိုင်းများဖြစ်တဲ့ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်လိုင်း၊ စစ်တွေ-ပုဏ္ဏားကျွန်း-မြောက်ဦးလိုင်း၊ ပြီးတော့ ပုဂ္ဂလိက မော်တော်လိုင်းများဖြစ်တဲ့ စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးဒရုတ်-ကံစောက်လိုင်း၊ လိုင်းသင်္ဘောများနဲ့ အခြားကုန်စည်ပို့ဆောင်တဲ့ ကုန်သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်ရာ နေ့ညမရွေး ဆိုက်ကပ်နေတဲ့ သင်္ဘောဆိပ်မြို့ဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းချောင်းဟာ ပုဏ္ဏားကျွန်းမြို့ကို ဖြတ်သန်းစီးဆင်းပြီးတော့ အရှေ့ဘက် ကုလားတန်မြစ်နဲ့ အနောက်ဘက်တောဖျားမြစ်ကို ဆက်သွယ်ထားတဲ့ ချောင်းဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နဲ့ အရှေ့ဘက်ကုလားတန်မြစ်ဒေသ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ရိုးချောင်းနယ်တွေက လှေ၊သမ္ဗာန်၊ စက်လှေတွေ၊ မော်တော်တွေ ရသေ့တောင်မြို့နဲ့ ဘူးသီးတောင်မြို့နယ်ကိုသွားလိုရင် ပုဏ္ဏားကျွန်းချောင်း (ခေါ်) ကင်းချောင်းကိုဖြတ်ပြီးတော့ အချိန်တိုအတွင်းသွားလာရောက်ရှိနိုင်ပါတယ်။ စစ်တွေမြို့နယ်၊ မင်းဂံချောင်းဘက်ကသွားခြင်းထက် အချိန် ၄ နာရီခန့်သက်သာပါတယ်။ အခုအခါ နှစ်ကာလကြာမြင့်လာတဲ့အလျောက် ပုဏ္ဏားကျွန်းမြို့ ဆိပ်ကမ်းသို့

ဝင်ထွက်တဲ့ ကုလားတန်မြစ်ဘက်က ပုဏ္ဏားကျွန်းမြို့အဝင်ချောင်းဝဟာ သဲသောင်တွေပေါ်ထွန်းပြီးတော့ မော်တော်တွေ အထူးသဖြင့် အစိုးရရေကြောင်းသင်္ဘောလိုင်းများ ဒီရေကျချိန်မှာသောင်တင်ခြင်းတွေ ဖြစ်ပေါ်ပါတယ်။ ဒီရေတက် တဲ့အချိန်မှသာ အဆင်ပြေတဲ့ ဝင်ထွက်ဆိုက်ကပ်မှုတွေပြုလုပ်နိုင်တဲ့အတွက် ခရီးသည်များသွားလာမှု နှောင့်နှေးကြန့်ကြာခြင်း၊ ကုန်စည်ပို့ဆောင်မှုနှောင့်နှေးကြန့်ကြာခြင်း၊ ကုန်ပစ္စည်းအရောင်းအဝယ် လုပ်ငန်းများနှောင့်နှေးထိခိုက်ခြင်းများ ဖြစ်ပေါ်နေပါတယ်။ အဲဒါကြောင့် မေးခွန်းကိုမေးလိုတာကတော့ ပုဏ္ဏားကျွန်းမြို့သို့ မော်တော်များ၊ အစိုးရလိုင်းသင်္ဘောများ၊ ကုန်သင်္ဘောများဝင်ရောက်ဆိုက် ကပ်မှုလွယ်ကူစေရန် ပုဏ္ဏားကျွန်းမြို့အဝင် ကုလားတန်မြစ်ဘက်မှ ချောင်းဝအား တူးဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်သို့ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိလိုပါတယ်။ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မည်သည့်အချိန်မှာစတင်ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိလိုပါ တယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦးရဲ့ မေးမြန်းချက်များကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီးရဲ့ ရမ်းဗြဲဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်ရန် ကိစ္စနှင့်ပတ်သက်တဲ့ မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အဓိကမြစ်ကြီးများဖြစ်တဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ လေးမြို့မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်များအတွင်းမှာ ဌာနပိုင်ရေယာဉ်များနဲ့ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဒေသအလိုက်အခြေပြုပြီး ဧရာဝတီဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ ရခိုင်ဌာနခွဲ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲနဲ့ ကုန်ပို့ဆောင်ရေးဌာနခွဲဟူ၍ ဌာနခွဲ ၆ ခုဖြင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ စက်ရှိရေယာဉ် ၂၃၆ စီး၊ စက်မဲ့ရေယာဉ် ၁၅၃ စီး၊ ဆိပ်ခံ ၃၉ စီး၊ စုစုပေါင်း ၄၂၈ စီးတို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့

မြစ်ကြီးများမှာ ခရီးလမ်းပေါင်း ၅၃ လမ်းနဲ့ ကူးတို့လမ်း ၇ လမ်းကို ပြေးဆွဲပေးလျက်ရှိပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပြေးဆွဲပေးတဲ့ ခရီးစဉ်များဖြင့် နှစ်စဉ်ခရီးသည် ၂၇.၅၆ သန်းကျော်နဲ့ကုန်တန်ချိန် ၄.၈၅ သန်းကျော်သယ်ယူပို့ဆောင်ပေးလျက်ရှိပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲဟာ စစ်တွေမှာ အခြေပြုပြီး စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-မြောက်ဦး၊ စစ်တွေ-တောင်ကုတ်၊ တောင်ကုတ်-မာန်အောင် ခရီးလေးလမ်းကို ဌာနခွဲမှာရှိတဲ့ စုစုပေါင်းရေယာဉ် ၂၁ စီးဖြင့် ပြေးဆွဲပေးလျက်ရှိပါတယ်။ ရခိုင်ဌာနခွဲမှ ပြေးဆွဲပေးလျက်ရှိတဲ့ ခရီးလေးလမ်းအနက် စစ်တွေ-တောင်ကုတ်ခရီးစဉ်ကို တစ်ပတ်လျှင် သုံးခေါက် (တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာ) နေ့များမှာပြေးဆွဲလျက်ရှိရာ တနင်္လာနေ့ ထွက်ခွာတဲ့ရေယာဉ်ဟာ ရမ်းဗြဲဆိပ်ကမ်းသို့ ပုံမှန်ဝင်ရောက် ဆိုက်ကပ်ခဲ့ပါတယ်။ ဒါ့အပြင် ဗုဒ္ဓဟူးနေ့ ထွက်ခွာတဲ့ရေယာဉ်များအနက် လတစ်လရဲ့ပထမပတ်နဲ့ တတိယပတ်ထွက်တဲ့ ရေယာဉ်များဟာလည်း ရမ်းဗြဲဆိပ်ကမ်းကို ယခင်က ဆိုက်ကပ်ပေးခဲ့ပါတယ်။

သို့ရာတွင် စစ်တွေ-တောင်ကုတ်ခရီးစဉ်မှာ ရမ်းဗြဲသို့ဆိုက်ကပ်ရာ၌ အစုန်အဆန် ခရီးစဉ်များမှာပျမ်းမျှအတက်၊ အဆင်းခရီးသည် (၁၀) ဦးအောက်သာ လိုက်ပါမှုရှိခြင်းနဲ့ ကုန်ရရှိမှုနည်းပါးခြင်းတို့ကြောင့် သင်္ဘောကြီးများအနေနဲ့ ဝင်ငွေနဲ့အသုံးစရိတ် အချိုးမညီမျှဘဲ စီးပွားရေးတွက်ခြေကိုက်မှုမရှိတဲ့အတွက် ၁-၇-၂၀၁၁ ရက်နေ့မှစတင်၍ ရမ်းဗြဲသို့ဝင်ရောက်ပြေးဆွဲခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးစဉ်များရပ်ဆိုင်းခဲ့ပေမယ့်လည်း ရမ်းဗြဲ-တောင်ကုတ်ခရီးစဉ်ကို ပုဂ္ဂလိကစက်လှေများ တစ်ပတ်လျှင် သုံးရက်ပြေးဆွဲပေးနေပါတယ်။ ဒါ့အပြင် ရမ်းဗြဲမှ ကျောက်ဖြူသို့ မော်တော်ကားလမ်း ဖောက်လုပ်ထားပြီးဖြစ်ရာ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး အဆင်ပြေစွာသွားလာနိုင်ကြောင်းသိရှိရပါတယ်။ စစ်တွေသို့ ရေလမ်းနဲ့သွားရမယ့်ခရီးသည်များအနေနဲ့လည်း ကျောက်ဖြူဆိပ်ကမ်းမှတစ်ဆင့် သင်္ဘောဖြင့်စစ်တွေသို့လိုက်ပါလျက်ရှိကြောင်းသိရှိရပါတယ်။ လက်ရှိအခြေအနေမှာ ရမ်းဗြဲဆိပ်ကမ်းရဲ့ ခရီးသည်လိုက်ပါမှုနဲ့ ကုန်စည်ရရှိမှုဟာ ရရှိသောဝင်ငွေနဲ့ ကုန်ကျသောအသုံးစရိတ် အချိုးအစားညီမျှမှုမရှိနိုင်သေးပါ။ သို့ပေမယ့်လည်း ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရေလမ်းခရီးသွားပြည်သူလူထု အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အမြဲအလေးထား စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ ရမ်းဗြဲဆိပ်ကမ်းမှ ခရီးသည်လိုက်ပါမှုနဲ့ ကုန်စည်တင်ဆောင်မှုတိုးတက်လာချိန်တွင် ရေယာဉ်များပြန်လည်ပြေးဆွဲ ဝင်၊ထွက် ဆိုက်ကပ်နိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်ရဲ့ ပုဏ္ဏားကျွန်းမြို့အဝင်ချောင်းအား သောင်တူးဖော်ရေးကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းကို ပြည်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်မှာရှိတဲ့ ပုဏ္ဏားကျွန်းမြို့ဟာ ကုလားတန်မြစ်နဲ့ ယင်းချောင်းအတွင်းကိုစီးဝင်တဲ့ ပုဏ္ဏားကျွန်းချောင်း၊ ကင်းချောင်းတို့ဆုံရာမှာတည်ရှိပြီး စစ်တွေမှ ကုန်းလမ်း၊ ကားလမ်းအားဖြင့် ၂၄ မိုင်၊ ရေလမ်းအားဖြင့် ၁၆ မိုင် ကွာဝေးပါတယ်။ ပုဏ္ဏားကျွန်းချောင်းဟာ အလျား ၄.၅ မိုင်ခန့်ရှည်လျားပြီးတော့ အကျယ်မီတာ ၁၀၀ နဲ့ အနက်၂.၄ မီတာခန့်ရှိပြီး ကုလားတန်မြစ်ထဲကို စီးဝင်ပါတယ်။ ပုဏ္ဏားကျွန်းချောင်း၊ ကင်းချောင်းဟာ ကုလားတန်မြစ်ဘက်မှတစ်ဆင့် မေယုမြစ်သို့သွားလာနိုင်သော ရေလမ်းအစိတ်အပိုင်းတစ်ခုဖြစ်ပြီးတော့ စစ်တွေ-ကျောက်တော် မီးရထားလမ်းဖောက်လုပ်ခဲ့ရာမှာ ပုဏ္ဏားကျွန်းချောင်းကို ပိတ်ဆို့ဆည်ဖို့ခဲ့တဲ့အတွက် ယခုအချိန်မှာ ကုလားတန်မြစ်သို့ ရေစီးချောင်းဝင်ထွက်ရာပုဏ္ဏားကျွန်းချောင်းဝမှာ သဲသောင်များပေါ်ထွန်းလာပြီး ရေအနက်မှာ ၁ မီတာခန့်သာရှိသောကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသင်္ဘောများ ရေကျချိန်တွင် ဝင်ရောက်ဆိုက်ကပ်မှုမပြုနိုင်ဘဲ ရေတက်ချိန်မှသာ ဝင်ရောက်ဆိုက်ကပ်မှုပြုနိုင်ပါတယ်။ ဒီလို စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်ကားလမ်းပေါ်မှာ ပုဏ္ဏားကျွန်းချောင်းကိုဖြတ်ကျော်ပြီး ကင်းချောင်းတံတား တည်ဆောက်ထားပြီးတော့ တံတားရဲ့အထက်ဘက်မှာလည်း တမံပိတ်ထားတဲ့အတွက်ကြောင့် ဒီလိုအခက်အခဲတွေ ဖြစ်ပေါ်နေရခြင်းဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲမှ စစ်တွေ-မြောက်ဦးခရီးလမ်းဟာ တစ်ပတ်လျှင်နှစ်ခေါက် (အင်္ဂါ၊သောကြာ) နေ့မှာ ခရိုင်ဟသ်ာရေယာဉ်များနှင့်ပြေးဆွဲလျက်ရှိရာမှာ ပုဏ္ဏားကျွန်းဆိပ်ကမ်းကို ပုံမှန်ဝင်ထွက်ဆိုက်ကပ်လျက်ရှိပါတယ်။ ပုဏ္ဏားကျွန်းဆိပ်ကမ်းဟာ ပွင့်လင်း ရာသီရေကျချိန်များမှာ ရေယာဉ်များမြို့ဆိပ်ကမ်းထိ မဝင်နိုင်တဲ့အတွက် ပုဏ္ဏားကျွန်းချောင်းဝမှာ ရပ်ပြီးတော့ မြို့နယ်မန်နေဂျာက စက်လှေဖြင့်လာရောက်ပြီး ခရီးသည်အတက်အဆင်း၊ ကုန်အတင် အချကိုကြပ်မတ်ပြီး ဆောင်ရွက်ပေးတဲ့အခါမှာ ပွင့်လင်းရာသီမှာ တစ်လလျှင်နှစ်ကြိမ်ခန့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ပုဏ္ဏားကျွန်းမြို့သို့ သင်္ဘောများဆိုက် ကပ်၍ ခရီးသည်နဲ့ ကုန်စည်များလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပုဏ္ဏားကျွန်းမြို့အဝင် ချောင်းအား သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန်ကိစ္စအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး သောင်တူးဖော်ရေး

လုပ်ငန်းအတွက် သောင်တူးစက်များ အပါအဝင် လုပ်ငန်းသုံးယာဉ်များ ရွှေ့ပြောင်းသယ်ယူခြင်းနှင့် အခြားလိုအပ်ချက်များ ပြင်ဆင်ခြင်း တို့ကိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပုဏ္ဏားကျွန်းမြို့ အဝင်ရေလမ်းကြောင်းအား သောင်တူးဖော်ရန်အတွက် လောလောဆယ် စီစဉ်ပေးနိုင်ခြင်း မရှိပါသေးကြောင်းနဲ့ ရခိုင်ပြည်နယ်အတွင်း မှာရှိတဲ့ အခြားရေလမ်းကြောင်းများအတွက် သောင်တူးဖော်ရမယ့်လုပ်ငန်းများရှိပါက တစ်ပြိုင်နက်တည်း စုပေါင်းပြီးတော့ ဆောင်ရွက်သွားပေးရန် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၁း၃၅ နာရီတွင်ပြန်လည်စတင်ပါ့မယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီ။

**[**အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါသည်။**]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေဆိုခြင်း အပိုင်းအနေနဲ့ (ဆ)အပိုဒ်ဖြစ်တဲ့ ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မေးတဲ့ ကုလားတန်မြစ်ချောင်းဝတူးဖော်ရေးကိစ္စ ဒါနဲ့ပတ်သက်လို့ အစည်းအဝေးခေတ္တရပ်နားတဲ့အချိန်မှာ ပြည်ထောင်စုဝန်ကြီး၊ မီးရထားဝန်ကြီး၊ ဦးအောင်မင်း ကျွန်တော်နဲ့လာတွေ့ပါတယ်။ တကယ်တမ်းကျတော့ တရားခံ ကသူပါတဲ့။ ဒီမီးရထားဖြတ်ကူးနိုင်အောင် တာဖို့ပြီးတော့ ဆောက်ခဲ့ပါတယ်တဲ့။ ဒါပေမယ့် အခု အဲဒီတာဖို့တာလည်း အားလုံးဖြိုပြီးပါပြီတဲ့။ အဲဒီမှာ မီးရထားတံတား ဆောက်ပါမယ်ဆိုပြီးတော့ ခုနက ပြောသွားပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်ကမေးတဲ့

ကုလားတန်မြစ်ချောင်းဝတူးဖော်ရေး လုပ်ငန်းကတော့ စပြီးတော့ မီးရထားဝန်ကြီးကစပြီးတော့ဆောင်ရွက်နေပြီဆိုတဲ့အကြောင်း ကျွန်တော်ကို ဒီလိုပဲ သတင်းပို့သွားပါတယ်။ ဒါလည်း မေးမြန်းသူနဲ့ ရခိုင်ဒေသက ကိုယ်စားလှယ်များသိအောင် တစ်ဆင့်ပြန်ကြားပေးခြင်းပဲဖြစ်ပါတယ်။ အစီအစဉ်အရ အစည်းအဝေး ၂၄ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများ ချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နဲ့လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနဲ့အညီ သတ်မှတ်ဆောင်ရွက်ရန်အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၊ ကိုယ်စားလှယ် တင်သွင်းသွားခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နဲ့လိုက်လျောညီထွေဖြစ်မယ့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနဲ့အညီ သတ်မှတ်ဆောင်ရွက်ရန် အဆိုကိုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာလည်း ဒါစိတ်ဝင်စားနေကြတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း စိတ်ဝင်စားနေတဲ့ကိစ္စဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဘက်မှာလည်း ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ မေးခွန်းများအဖြစ်သော်လည်းကောင်း၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာလည်း ရှေ့ပိုင်းမှာ ဒီကိစ္စနဲ့ တစ်သတ်မတ်တည်း မတူသော်လည်းပဲ အလားတူမေးခွန်းတွေဟာ တချို့ဟာတွေ တင်ပြသွားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီမိုကရေစီနည်းအရ ကျွန်တော်တို့ရဲ့အစ်မကြီး ဒေါ်တင်နွယ်ဦးရဲ့ တင်ပြသွားတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ကွက်သောအားဖြင့် ကျွန်တော် လိုတိုရှင်းဖတ်ကြားတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားပါတယ်ခင်ဗျား။

ဒေါ်တင်နွယ်ဦးရဲ့အဆိုမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနဲ့အညီ သတ်မှတ်ဆောင်ရွက်ရန်လို့ ဆွေးနွေးသွားပါတယ်။ Foreign Exchange Rate နိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လေ့လာမိသမျှ ပုံစံ(၃)မျိုးရှိပါတယ်။ (၁)ကတော့ Fixed Exchange Rate လို့ခေါ်တဲ့ ပုံသေငွေလဲလှယ်နှုန်း၊ (၂)ကတော့ Floating Exchange Rate လို့ခေါ်တဲ့ ဈေးကွက်အရ မျှောထားတဲ့ငွေလဲလှယ်နှုန်း၊ (၃)ကတော့ Management Exchange Rate လို့ခေါ်တဲ့ စီမံခန့်ခွဲတဲ့ ငွေလဲနှုန်းဆိုပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ မိမိတို့ရဲ့နိုင်ငံ အကျိုးဖြစ်ထွန်းစေမယ့် တစ်နည်းနည်းကို ရွေးချယ်ကျင့်သုံးလျက်ရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် အမေရိကန်ပြည်ထောင်စုမှစတင် ခဲ့တဲ့ ကမ္ဘာ့ငွေရေးကြေးရေး အကြပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက် ယနေ့အချိန်ထိ ကမ္ဘာကြီးတစ်ခုလုံး ရဲ့စီးပွားရေးနဲ့ငွေရေးကြေးရေး အခြေအနေများ တည်ငြိမ်မှုရရှိဖို့အတွက် ကြိုးပမ်း နေရဆဲကာလဖြစ် ပါတယ်။ မြန်မာနိုင်ငံမှာလည်း အစိုးရက တရားဝင်သတ်မှတ်ပေးထားတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း Fixed Exchange Rate ဒါအစ်မကြီး ပြောသွားတဲ့အထဲမှာလည်း ပါပါတယ်။ အစိုးရက တရားဝင် သတ်မှတ်ပေးထားတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း နောက်ဈေးကွက်မှာ ဖြစ်နေတဲ့ FEC ငွေလဲလှယ်နှုန်း၊ ဟွန်ဒီငွေလဲလှယ်နှုန်း၊ Earning ငွေလဲလှယ်နှုန်း၊ Account Transfer ငွေလဲလှယ်နှုန်းဆိုပြီးတော့ အမျိုးမျိုးဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ ရှုပ်ထွေးမှု များနဲ့ အစဥ်မပြေမှုများရှိနေပါတယ်။ အခွန်အခသတ်မှတ်ရာမှာလည်း Border နဲ့ Normal Trade ဆိုပြီးတော့ ခွဲခြားသတ်မှတ်ပြီးတော့ Border Trade လို့ခေါ်တဲ့ နယ်စပ်ကုန်သွယ်ရေးက တင်သွင်းလာတဲ့ ပစ္စည်းဆိုရင် တစ်ဒေါ်လာရဲ့ ပြင်ပကာလပေါက်ဈေးကို သတ်မှတ်ပြီးတော့ အခွန် ကောက်နေသလို Normal Trade ပုံမှန်လမ်းကြောင်းက ဝင်လာတဲ့ သွင်းကုန်ပစ္စည်းဆိုရင်လည်း တစ်ဒေါ်လာကို ၄၅၀ သတ်မှတ်ပြီးတော့ အကောက်ခွန်ကောက်ခံလျက် ရှိကြောင်း လေ့လာသိရှိ ရပါတယ်။ ဒါကြောင့် ဒီအခြေအနေများကို ကုစားဖို့ တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းအား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လာတဲ့အချိန်ရောက်ပြီဖြစ်တဲ့ အတွက်ကြောင့် ဗဟိုဘဏ်မှ လေ့လာ ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်း ခြင်း Exchange Rate Unification ကိုအပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ IMF နှင့် ပူးပေါင်း ဆောင်ရွက်ဖို့ တရားဝင်ကြေညာ လုပ်ဆောင်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ IMF အဖွဲ့ဝင် နိုင်ငံများဟာ မိမိနိုင်ငံရဲ့ စီးပွားရေး မူဝါဒနဲ့ လိုက်လျောညီထွေရှိမယ့် နိုင်ငံခြားငွေလဲလှယ်နှုန်း အစီအစဥ်ကို ရွေးချယ်ကျင့်သုံးခွင့်ရှိပါ တယ်။ မြန်မာနိုင်ငံဟာ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ ကစပြီး IMF ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး SDR လို့ခေါ်တဲ့ Special Drawing Rights အထူးထုတ်ယူခွင့်နှင့် ချိတ်ဆက်သတ်မှတ်ခဲ့ပါတယ်။

၂၇-၁၂-၁၉၇၁ မှာ မြန်မာကျပ်ငွေအား SDR တစ်ယူနစ်မှာ ၅.၈၀၇၁၇ ကျပ်၊ ၂၅-၁-၁၉၇၅ မှာ ၇.၇၄၂၈၉ကျပ်၊ ၂-၅-၁၉၇၇ မှာ ၈.၅၀၈၄၇ကျပ် ဆိုပြီးတော့ IMFနဲ့ အသီးသီးညှိနှိုင်း သတ်မှတ်ခဲ့ပြီးတော့ ယနေ့အထိမှာလည်း SDR တစ်ယူနစ်မှာ မြန်မာကျပ် ၈.၅၀၈၄၇ နဲ့ညီမျှတယ်လို့ ညှိနှိုင်းသတ်မှတ် ထားလျက်ရှိပါတယ်။ ယခုအခါ လိုအပ်ချက်အရ ပြင်ဆင်သတ်မှတ်ဖို့ ညှိနှိုင်းဆွေးနွေးနေပြီ ဖြစ်ကြောင်းကိုလည်းတင်ပြလိုပါတယ်။ လာမယ့်အောက်တိုဘာလဆန်းကစပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တိုက်ရိုက်မပါဝင်ဘဲနဲ့ (၁) အင်းဝဘဏ်၊(၂) မြဝတီဘဏ်၊ (၃) မြန်မာ့စက်မှုလက်မှုဘဏ်၊ (၄) မြန်မာအရှေ့တိုင်းဘဏ်၊(၅) ကမ္ဘောဇဘဏ်၊(၆) သမဝါယမဘဏ်များကို နိုင်ငံခြားငွေဝယ်ယူ၊ လဲလှယ်၊ ရောင်းချခွင့်လိုင်စင်များထုတ်ပေးပြီး ပထမအဆင့်မှာ Exchange Counter လို့ခေါ်တဲ့ ငွေလဲလှယ်ခန်းများကို ရန်ကုန်မြို့၊ သိမ်ဖြူလမ်းမှာ ဖွင့်လှစ်စေပြီး စမ်းသပ်လုပ်ဆောင် ခွင့်ပြုမှာဖြစ်ကြောင်း ကြားသိရပါတယ်။ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ စင်္ကာပူဒေါ်လာနဲ့ FEC လေးမျိုးကို ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းဝယ် လဲလှယ်ခွင့်ရမှာဖြစ်ပါတယ်။ Exchange Rate ခေါ်တဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ နိုင်ငံတော်ရဲ့ Monetary Policy လို့ခေါ်တဲ့ ငွေကြေးမူဝါဒမှာ အရေးကြီးတဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ နိုင်ငံခြားငွေ လဲလှယ်နှုန်းသတ်မှတ်ရေးအတွက် ကမ္ဘာ့ ရွှေဈေးနဲ့မြန်မာ့ရွှေဈေး အမေရိကန်ဒေါ်လာနဲ့ မြန်မာငွေကျပ် လဲလှယ်နှုန်း နယ်စပ်ဒေသငွေလဲလှယ်နှုန်းများကိုသာကြည့်ပြီး သင့်လျော်သော ဖလှယ်နှုန်း သတ်မှတ်ခြင်းဟာ ပြီးပြည့်စုံမှာမဟုတ်ကြောင်း နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်မှုကို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်ပါက နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် ဆိုးရွားသောအကျိုးသက်ရောက်မှုများ ရှိနိုင်သည်ကို သတိပြုရန်လိုပါကြောင်း ဒီနေရာမှာ ဒိုမီနိုသီအိုရီကိုလည်း ဂရုပြုဖို့လိုပါကြောင်း တင်ပြလိုပါတယ်။ ဒိုမီနိုသီအိုရီဆိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိပြီးဖြစ်တဲ့အတိုင်း တစ်ခုပြိုလျှင် အားလုံးဆင့်ကဲဆင့်ကဲ လိုက်ပြိုတတ်တဲ့သဘာဝလေးကို တင်ပြခြင်းဖြစ်ပါ တယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းဟာ နိုင်ငံတော်ရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု အခြေအနေ GDP၊ ပြည်ပကုန်သွယ်မှုအခြေအနေ၊ ငွေဖောင်းပွနှုန်း၊ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းအခြေအနေ၊ ပြည်ပကြွေးမြီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလို့ခေါ်တဲ့ FDI နိုင်ငံတော်၏ သီးသန့်နိုင်ငံခြားငွေပမာဏ ဖြစ်ပေါ်လာမည့် နိုင်ငံခြားငွေဈေးကွက်ကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရန်လိုအပ်သော အတတ်ပညာ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံ အဆောက်အအုံနှင့် လုံလောက်သော ရန်ပုံငွေပမာဏစသဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ် ဆောင်ရွက်ရမည့်

ကိစ္စများဖြစ်ပါတယ်။ Exchange Rate နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ဆောင်ရွက်ရာမှာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကိုလည်းကောင်း၊ နေ့စဉ်လူမှုစီးပွားဘဝများကိုလည်းကောင်း ထိခိုက်မှုမရှိစေရန် နိုင်ငံတော်အစိုးရအနေနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ IMF ရဲ့ အကြံဉာဏ်ကိုရယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုရက်ပိုင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ အမေရိကန်နိုင်ငံမှာ ကမ္ဘာ့ငွေကြေး အဖွဲ့အစည်းများနဲ့ ဆိုင်တဲ့ အစည်းအဝေးများ တက်ရောက်ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိပါတယ်။ ဒါကြောင့် ဒေါ်တင်နွယ်ဦးရဲ့အဆိုဟာ ဆောင်ရွက်လျက်၊ ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် ဆက်လက် တင်သွင်းရန်မသင့်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်တော့်အနေနဲ့ ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၉-၂၀၁၁ နေ့က ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့တင်သွင်းတဲ့ ငွေကြေးလဲလှယ်နှုန်းနဲ့ ပတ်သက်တဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့အဆိုကို ခြုံငုံလေ့လာတဲ့အခါမှာ မြန်မာ နိုင်ငံငွေကြေးလဲလှယ်နှုန်းဟာ အမျိုးမျိုးဖြစ်နေတဲ့အတွက် လိုက်လျောညီထွေရှိမယ့် နိုင်ငံခြားငွေ လဲလှယ်နှုန်းသတ်မှတ်ပြီးတော့ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးဖို့ တင်ပြထားတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အမျိုးသား စီးပွားရေးတည်ငြိမ်ဖို့အတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ နိုင်ငံရဲ့ငွေကြေးမူဝါဒအတွက် အလွန်ပဲ အရေးကြီးပါတယ်။ နိုင်ငံတော်မှာရှိတဲ့ ငွေကြေးကဏ္ဍမှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များလည်း သိကြပါတယ်။ သိကြလို့လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းကို လိုက်လျောညီထွေဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့ကြတာကို တွေ့မြင်နေရပါတယ်။ အခုဆိုရင် နိုင်ငံတော်မှာ လိုက်လျောညီထွေရှိမယ့် ငွေကြေးလဲလှယ်တဲ့စနစ် ၅ မျိုးခန့်ကို သတ်မှတ်ပြီးတော့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ အဲဒီ သတ်မှတ်တဲ့ ငွေကြေးလဲလှယ်စနစ် ၅ မျိုးကို ခုနကပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး

ဦးဝင်းမြင့်တင်ပြတဲ့အချက်ထဲမှာ ပါသွားပြီးဖြစ်ပါတယ်။ ငွေကြေးလဲလှယ်နှုန်းကို သတ်မှတ်ဖို့ ဆိုတာအခက်အခဲများစွာရှိပါတယ်။ အချိန်တိုအတွင်းမှာ သတ်မှတ်လို့မရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ ငွေကြေးကဏ္ဍနဲ့ ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု ကဏ္ဍတွေအပေါ်မှာ ဘက်စုံထောင်စုံကနေပြီးတော့မှ စဉ်းစားပြီးတော့မှ တဖြည်းဖြည်း အချိန်ယူပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ငွေကြေးလဲလှယ်နှုန်းတည်ငြိမ်ဖို့ ဆောင်ရွက်မယ်ဆိုရင်ဦးဆုံး တဖြည်းဖြည်း ပြုပြင်ပြောင်းလဲသွားရမယ့်လုပ်ငန်းများကို ကျွန်တော်လေ့လာပြီးတော့ တင်ပြပါမယ်။ အဲဒီလုပ်ငန်းတွေကတော့ ပထမလုပ်ငန်း ၁။ လက်ရှိငွေလဲလှယ်နှုန်း ကွာဟချက်မြင့်မားနေမှုကိုကွာ ဟချက်နည်းအောင်၊ တည်ငြိမ်အောင်၊ ဦးဆုံးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒုတိယအချက်က မြန်မာ နိုင်ငံမှာ ငွေကြေးလဲလှယ်တဲ့စနစ် ခုနက ကျွန်တော်တင်ပြပြီးဖြစ်ပါပြီ။ ၅ မျိုးခန့်ရှိနေပါတယ်။ အဲဒီ အမျိုးမျိုးဖြစ်နေတဲ့ ငွေကြေးလဲလှယ်တဲ့နှုန်းစနစ်ကို တစ်မျိုးတည်း၊ တစ်စုတည်းဖြစ်အောင် လော လောဆယ်ဆောင်ရွက်ရပါမယ်။ နောက်တစ်ချက်က အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပြည်ပပို့ကုန်၊ သွင်းကုန် ဆောင်ရွက်တဲ့လုပ်ငန်းရှင်တွေ၊ ပြည်သူတွေ၊ ပြည်တွင်းငွေ၊ နိုင်ငံခြားငွေကိုင်ဆောင်ထား တဲ့သူတွေ ထိခိုက်နစ်နာမှုမရှိစေဖို့ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု ငွေကြေးကဏ္ဍကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်ဖို့လိုပါမယ်။ ကျွန်တော်အခုတင်ပြတဲ့ ပဏာမလုပ်ငန်းတွေကိုကြည့် မယ်ဆိုရင်ပဲ အပြောလွယ်သလောက် ခက်ခဲမယ့်လုပ်ငန်းဆိုတာကို အားလုံးမြင်တွေ့နေရမှာပါ။ ချက် ချင်းလုပ်လို့မရပါဘူး။ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ လုပ်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက် ပြီးတော့လည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လွှတ်တော်မှာ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအတွက် ငွေကြေးမူဝါဒဟာ အရေး ကြီးပါတယ်။ အထူးအလေးပေး ဆောင်ရွက်သွားပါမယ်။ အချိန်ယူပြီးတော့ ဆောင်ရွက်ရမယ့် လုပ်ငန်း ဖြစ်ပါတယ်ဆိုတာကို လွှတ်တော်မှာ သူဆွေးနွေးပြောကြားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ငွေကြေးကဏ္ဍ တာဝန်ရှိသူတွေဟာ ငွေကြေးလဲလှယ်နှုန်းတည်ငြိမ်ဖို့၊ လိုက်လျောညီထွေရှိဖို့ လောလောဆယ် အခု အဖက်ဖက်က ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ အဲဒီဆောင်ရွက်နေတဲ့လုပ်ငန်းများကို ကျွန်တော့် အနေနဲ့ လေ့လာနိုင်သလောက် ကျွန်တော်တင်ပြပါမယ်။ ပထမအနေနဲ့ ငွေကြေးတည်ငြိမ်ဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ အဆင့်သုံးဆင့်ခွဲပြီးတော့ ဆောင်ရွက်ဖို့စီမံချက်များ ရေးဆွဲထားပြီးတော့ စီစဉ်ထားတယ်ဆိုတာကို ကျွန်တော့်အနေနဲ့သိရပါတယ်။ အဲဒီအဆင့်သုံးဆင့်အနက်မှ လောလော ဆယ် ပထမအဆင့်အနေနဲ့ နိုင်ငံတော်မှာ ပုဂ္ဂလိကဘဏ် ၁၉ ခု ရှိပါ တယ်။ အဲဒီအထဲမှာမှ ဘဏ် ၆

ခုကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့်၊ ဝယ်ယူခွင့်၊ လဲလှယ်ရောင်းချခွင့်ကို မကြာမီကာလမှာ ခွင့်ပြုပြီး တော့ငွေကြေးလဲလှယ်မှု တည်ငြိမ်အောင်လုပ်မယ်လို့သိရပါတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံရဲ့ နိုင်ငံခြားငွေ လဲလှယ်မှုတည်ငြိမ်ဖို့အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကနေပြီးတော့ အဖွဲ့ဖွဲ့ပြီးတော့ စိစစ်မှု၊ လေ့လာမှု၊ ညှိနှိုင်းဆောင်ရွက်မှုတွေကို လုပ်နေပါတယ်လို့ ကျွန်တော်သိနေရပါတယ်။ နောက် တစ်ချက်က ငွေကြေးလဲလှယ်နှုန်းကို လိုက်လျောညီထွေ သတ်မှတ်နိုင်ဖို့ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ IMF နဲ့လည်းချိတ်ဆက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့သိရပါတယ်။ နောက်ဆုံး ကျွန်တော် သိရတာက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့အဖွဲ့ဟာ အမေရိကန် နိုင်ငံမှာရှိတဲ့ ငွေကြေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ ညှိနှိုင်းနေတယ်လို့ သိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရမယ်ဆိုရင် အများစိတ်ဝင်စားနေကြတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းတည်ငြိမ်ဖို့၊ လိုက်လျောညီထွေဖြစ်ဖို့ဟာ တာဝန်ရှိသူများက ပြည်တွင်းမှာ ရော၊ ပြည်ပမှာရော နှစ်ခုစလုံးမှာ ကြိုးစားပြီးတော့ ဆောင်ရွက်နေတဲ့အတွက် သင့်တော်တဲ့အချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦးရဲ့ဆန္ဒဟာ ပြည့်စုံသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့အဆိုကို မှတ်တမ်းအဖြစ်သာ ထားသင့်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးရောက်ရှိနေကြတဲ့ ဧည့်သည်တော်များအားလုံးမင်္ဂလာ ပါလို့ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ဒီနေ့ ဒီနေရာမှာ ကျွန်တော်ဆွေးနွေးမှာကတော့ ဒေါ်တင်နွယ်ဦးတင်ထားတဲ့အဆိုကို ကျွန်တော်ဉာဏ်မီသလောက် ထောက်ခံဆွေးနွေးသွားမှာဖြစ် ပါတယ်။ ဆွေးနွေးရာမှာလည်း တစ်စိတ်တပိုင်းကိုတော့ ဖတ်ကြားတင်သွင်းပြီးတော့ တစ်စိတ်တစ်ပိုင်း ကိုတော့ပြောကြားတဲ့ ပုံစံနဲ့ပဲဆွေးနွေးခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးကို ကျွန်တော်တင်ပြပါတယ်ခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသောငွေကြေးမူ ဝါဒတစ်ရပ်ကို စီးပွားရေး စနစ်နဲ့အညီ ဈေးကွက်ပေါက်ဈေးနဲ့ ဆီလျော်တဲ့ လက်တွေ့ကျတဲ့ အစိုးရကဏ္ဍမှာလည်း လက်ရှိသုံးစွဲနေသော မြန်မာကျပ်ငွေနဲ့ နိုင်ငံခြားငွေ တရားဝင်လဲလှယ်နှုန်းကို နိုင်ငံတကာကလက် သင့်ခံနိုင်မယ့် လက်တွေ့ကျသော ငွေလဲလှယ်နှုန်းတစ်ခုနဲ့ အစားထိုး အကောင်အထည်ဖော်ရန်

လိုအပ်သည်ဟုထင်မြင်ပါတယ်။ လက်ရှိမြန်မာနိုင်ငံ မြန်မာကျပ်ငွေနဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းဟာ စောစောတုန်းက ကျွန်တော့်ထက်အရင် တင်ပြသွားတဲ့ မြင်းခြံမြို့နယ်က ဦးဝင်းမြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး သူတင်ပြသွားတာလည်း တော်တော်စုံစုံတင်ပြသွားပါတယ်။ ဒါပေမယ့်လို့ လက်ရှိ ကျွန်တော်တို့ရဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ ဈေးကွက်နှုန်းနဲ့ အစိုးရကသတ်မှတ်ထားတဲ့ အစိုးရကဏ္ဍကအသုံးပြုနေတဲ့နှုန်းက အများကြီးကွာခြားနေပါတယ်။ တစ် ဒေါ်လာဟာ ၁၄၀၀ နှုန်းလောက်ထိအောင်တက်သွားတာရှိသလို FEC ဈေးနှုန်းဟာလည်း ၈၀၀ လောက်ရှိနေတဲ့အခါကြတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ကိုင်ရတာအများကြီး အခက်အခဲရှိလာတဲ့အပိုင်းကိုတွေ့နေပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အားလုံးကတော့ ဈေးကွက်လဲလှယ်နှုန်းနဲ့ပဲ တွက်ချက်လုပ်ကိုင်ရပါတယ်။ ဒါဟာလည်း ကြာနေပြီဖြစ်ပါတယ်။ ပြင်ပကပေါက်နေတဲ့ဈေးနဲ့ လက်ရှိလုပ်ကိုင်နေရတဲ့ အစိုးရနှုန်းနဲ့က အများကြီးကွာခြားနေတဲ့အတွက် နိုင်ငံခြားငွေ ပါဝင်ပတ်သက်မှုရှိတဲ့ လုပ်ငန်းတိုင်းအနည်းနဲ့အများအခက်အခဲတွေ တွေ့ရပါတယ်။ နိုင်ငံတကာငွေပေးငွေယူရှင်းတမ်းများမှာလည်း နိုင်ငံတကာသုံးငွေများဖြစ်သော ဒေါ်လာ၊ ယူရို၊ ယမ်း စတဲ့ငွေကြေးများဖြင့် ပေးချေလက်ခံနေကြရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ကျပ်ငွေနဲ့ ဒေါ်လာပုံသေချိတ်ဆက်သုံးစွဲနေတယ်လို့ ကျွန်တော်မှတ်ယူတဲ့အတွက် လေ့လာလိုက်တဲ့အခါကြတော့ Special Drawing Rate ဆိုတဲ့နှုန်းနဲ့ ကမ္ဘာ့ဘဏ်ကသုံးစွဲနေတယ်၊လက်ရှိအသုံးပြုနေတယ်လို့ သိရတဲ့အခါမှာ ဒီနှုန်းကလည်း အခုလက်ရှိအနေနဲ့ဆိုရင် ၈.၅၀၈၄၇ နှုန်းပဲရှိတယ်ဆိုတော့ အပြင်ဈေးကွက်နှုန်းနဲ့ အများကြီးကွာခြားပါတယ်။ ကွာခြားတဲ့အခါကြတော့ တိုင်းပြည်ရဲ့ GDP၊ နိုင်ငံတော်ဘတ်ဂျက် နိုင်ငံခြားငွေပေး၊ ငွေယူရှင်းတမ်းတွေဟာ တွက်ချက်ရာမှာ ကိန်းဂဏန်းအစစ်အမှန်များရရှိဖို့ အများကြီးခက်ခဲပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံကိုလာရောက် ရင်းနှီးမြှုပ်နှံကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း မြန်မာကျပ်ငွေနဲ့ တရားဝင်ငွေလဲလှယ်နှုန်း သတ်မှတ်ထားတဲ့နှုန်းဟာ ဈေးကွက်ပေါက်ဈေးနဲ့ အဆမတန်ကွာဟနေတာကို တွေ့ရတဲ့အတွက် သူတို့ဒါတွေကို ထည့်သွင်းတွက်ချက်နေရလို့ ကျွန်တော်တို့နိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့ လာသင့်သလောက် မလာကြဘူးလို့ ကျွန်တော်သဘောပေါက်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကူအညီဖြင့် မြန်မာကျပ်ငွေ တရားဝင်လဲလှယ်နှုန်းကို ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်းမှာ နိုင်ငံခြားဈေးကွက်ဖြစ်ပေါ်ရေးနဲ့ မြန်မာတရားဝင်ငွေ လဲလှယ်နှုန်း သတ်မှတ်နိုင်ရေးကိုဦးစားပေးပြီး ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကိုလည်း ဝန်ကြီးရှင်းသွားတာကို တွေ့ရပါတယ်။ ထိုကိစ္စအားလုံးကို မြန်မြန်အကောင်အထည်ပေါ်လာရန်လည်း ကျွန်တော်မျှော်လင့်ပါတယ်။ လက်ရှိ

တစ်စိတ်တစ်ပိုင်း အကောင်အထည်ပေါ်နေပြီဆိုတာလည်း ခုနကလွှတ်တော်ကိုယ်စားလှယ်ကြီးတွေ တင်ပြသွားပြီးဖြစ် ပါတယ်။ ထိုသို့လဲလှယ်နှုန်း ကျွန်တော်တို့ Fixed လုပ်နိုင်ရန်အတွက် ခိုင်မာတဲ့ငွေကြေးမူဝါဒ တစ်ရပ် ချမှတ်နိုင်ရန်လိုအပ်နေပြီလို့ ကျွန်တော်မြင်ပါတယ်။ အဲတော့ တစ်ပိုင်းအနေနဲ့လည်း တချို့ခုနက ခုနက ကိုယ်စားလှယ်တော်ကြီးနှစ်ယောက် တင်ပြသွားတာလည်းတော်တော်စုံပါတယ်။ ဒါပေမယ့် ကျွန်တော်ထပ်တင်ပြချင်တဲ့ ဟာလေးတစ်ခုက ဘာလဲဆိုတော့ စီးပွားရေးတောင့်တင်းခိုင်မာသော နိုင်ငံများရဲ့ နိုင်ငံတော်ဗဟိုဘဏ်များဟာ အစိုးရနဲ့သီးခြားကင်းလွတ်စွာ ရပ်တည်ကြတယ်။ ငွေကြေး မူဝါဒများကို လွတ်လွတ်လပ်လပ် အကောင်အထည်ဖော် လုပ်ကိုင်ကြပါတယ်။ နိုင်ငံတော်ရဲ့ ငွေကြေး ရိုက်နှိပ်ထုတ်ဝေမှုကို ထိန်းချုပ်ခြင်း၊ အပ်ငွေများကိုလက်ခံခြင်း၊ အစိုးရကိုငွေချေးခြင်းနဲ့ ဘဏ်များသို့ ငွေချေးခြင်း၊ ငွေကြေးစာချုပ်များရောင်းချခြင်း၊ ဘဏ်အတိုးနှုန်းသတ်မှတ်ခြင်း၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်းလေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေနဲ့လည်း ထိုနည်းအတူ သီးခြားလွတ်လပ်သော ငွေကြေးအဖွဲ့အစည်းအဖြစ် လုပ်ကိုင် စေသင့်ပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ မဝေးတော့တဲ့ကာလမှာ ကျွန်တော်တို့ဟာ AFTA လို့ခေါ်တဲ့ အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဆိုတာ ဝင်ရတော့မှာဖြစ်ပါတယ်။ နောက်တစ်ခါ မြန်မာနိုင်ငံရဲ့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ပြောသွားပါပြီ။ နိုင်ငံခြားငွေလဲလှယ်နှုန်းကို စက်ာပူ ဒေါ်လာတို့၊ ယမ်းတို့၊ ဒေါ်လာတို့နဲ့ လဲလှယ်ဖို့ ဒါတွေကိုတရားဝင်ခွင့်ပြု ပြီးတော့ကျတော့ ကောင်တာ တွေဖွင့်ပြီးတော့ လဲလှယ်ဖို့ဆိုတာတွေလည်း လုပ်နေပြီဆိုသလို မဝေးတော့တဲ့ကာလမှာ စတော့ ဈေးကွက်များ ကျွန်တော်တို့ ပြည်တွင်းမှာပဲ ဖြစ်ထွန်းလာဖို့ ရှိနေပြီလို့ ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အမှန်တကယ်ငွေကြေးလဲလှယ်မှု နှုန်းတစ်ခုကို Fixed လုပ်ဖို့ လိုနေပါပြီလို့ပြောဆိုရင်း ဒေါ်တင်နွယ်ဦးအဆိုကို ထောက်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်မှဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါရန်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမဲဆန္ဒနယ် ဦးစိုင်းကျော်မြင့်ဖြစ်ပါတယ်။၂၃-၉-၂၀၁၁ ရက်နေ့တွင်တင်သွင်းတဲ့ ဒေါ်တင်နွယ်ဦး၊

ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့် ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက် ရန်အဆိုကို ဆွေးနွေးမည် ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးကွက်စီးပွားရေး စနစ်ကို စတင်အကောင်အထည်ဖော်ရာတွင် အဆိုပါဈေးကွက်နှင့်ကိုက်ညီသည့် ငွေကြေးမူဝါဒတွေ ချမှတ်နိုင်ဖို့လိုအပ်ပြီး ယင်းမှတစ်ဆင့် ကုန်ဈေးနှုန်းများတက်ခြင်း၊ ကျခြင်းနှင့် ငွေကြေးလဲလှယ် မှုနှုန်းထားများကိုလည်း ငွေကြေးဈေးကွက်မှတစ်ဆင့် ထိန်းနိုင်မည်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေး စနစ် ပီပြင်စွာ အကောင်အထည်ဖော်မည်ဆိုပါက ငွေကြေးဈေးကွက်ရှိဖို့လိုအပ်ကြောင်း စီးပွားရေး ပညာရှင်များ သုံးသပ်ခဲ့ကြပါတယ်။ ယခုအခါ၌ တရားဝင်ငွေလဲလှယ်နှုန်းဈေးနဲ့ ဈေးကွက်အတွင်း ဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်းကွာခြားချက် ကြီးမားလွန်းနေသည် ကိုတွေ့နေရပါသည်။ ပြီးခဲ့တဲ့နှစ်က ဖြစ်ပေါ်ခဲ့တဲ့ ငွေလဲနှုန်းတွေနဲ့ယှဉ်လိုက်ရင် ၄၀ ရာခိုင်နှုန်းနီးပါးလောက်အထိ ကျပ်ငွေမာလာသည် ကိုတွေ့ရတယ်။ နိုင်ငံတစ်ခုမှာ ငွေလဲနှုန်းက အများအားဖြင့်ပြောနေတာက ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း အပြောင်းအလဲကိုပြောနေကြတာ၊ အခုက ၄၀ရာခိုင်နှုန်းအထိ ဖြစ်လာပြီဆိုတော့ ငွေလဲနှုန်းတစ်ခုရဲ့ မတည်ငြိမ်မှု အများဆုံးဖြစ်နေတာကိုတွေ့နေရတယ်။ အမေရိကန်လိုတိုင်းပြည်မှာ ဒသမ ပြောင်းရုံနဲ့တင် သူတို့မှာတော်တော်ကြီးကို လေးလေးနက်နက်ထားပြီးအရေးယူ ဆောင်ရွက် လေ့ရှိပါတယ်။ နိုင်ငံတော်ငွေလဲနှုန်း ပုံသေပြုထားမှုကာလ ကြာမြင့်သည်နှင့်အမျှကွာဟမှု ကြီးထွားလာရာ ၁၉၉၀ ခုနှစ်ပတ်ဝန်းကျင်က အမေရိကန်တစ်ဒေါ်လာ ၃၅၀ ကျပ်ကျော်မှနေပြီးတော့ တစ်ဒေါ်လာကိုကျပ် ၁၃၀၀ အထိဖြစ်လာသည်ကိုလည်းကြုံတွေ့ခဲ့ရပါသည်။ ယခုတစ်ဖန် တစ်ဒေါ်လာ ကျပ်၈၀၀ နှုန်းဝန်းကျင်ပြန်ဖြစ်လာ၍ ကွာဟမှုနှုန်း Flutuation Rate ကြီးမားသည်ကိုလည်း တွေ့နေရပါတယ်။ ကုန်သွယ်ရေးကဏ္ဍမှာ အဓိကသက်ဆိုင်တာက ငွေလဲနှုန်းဖြစ်နေတယ်လို့ယူဆ ပါတယ်။ ကုန်သွယ်ရေးဟာ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဆက်စပ် နေတယ်။ စားသုံးမှုကဏ္ဍနဲ့ ဆက်စပ် နေတယ်။ ဒါကြောင့် ဈေးကွက်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအမြန်ရှိဖို့ လိုအပ်နေသည်ကိုသုံးသပ်မိပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်သည်စီးပွားရေး ပညာရှင်မဟုတ်ပါ။ နှစ်ပေါင်းများစွာကျင့်သုံးခဲ့တဲ့ အမေရိကန် တစ်ဒေါ်လာ ခြောက်ကျပ် ဒါမှမဟုတ် ရှစ်ဒသမကျော်ကျော်နှုန်းအစား နိုင်ငံတော်နှင့် ပြည်သူများရဲ့ယနေ့ဈေးကွက် စီးပွားရေးပေါက်ဈေးနဲ့ ဆီလျော်တဲ့လက်တွေ့ကျတဲ့ ငွေလဲနှုန်းတစ်ခု အစားထိုးစေလိုသော စေတနာဆန္ဒမွန်ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လွှတ်တော်ကိုတင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုရက်ပိုင်းအတွင်းမှာတင် စက်တင်ဘာ ၂၀ ရက်နေ့က အမေရိကန်တစ်ဒေါ်လာ ၈၉၀ ကျပ်အထိထိုးတက်သွားခဲ့ပြီး ဘဏ်ခြောက်ခုကို ဒေါ်လာဝယ်ရောင်း Money Changer လိုင်စင်ပေးတော့မည့် သတင်းကြောင့် စက်တင်ဘာလ ၂၂ ရက်နေ့ မှာ အမေရိကန်တစ်ဒေါ်လာ ၈၂၀ အထိဈေးပြန်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ဒါတွေဟာ ငွေကြေးလဲလှယ်နှုန်းတသမတ်တည်းမရှိဘဲ အကြောင်းကိစ္စလိုက်၍ ကွဲပြားနေခြင်းမှာ ဥပဒေကြောင်းနှင့် မညီညွတ်သည့်အပြင် ခေတ်နှင့်လည်းမကိုက်ညီ၊ ဈေးကွက်နှင့်လည်း မဆီလျော်သည့် ငွေကြေးလဲလှယ်နှုန်းများအသုံးပြုနေခြင်းသာဖြစ်ပါသည်။ ဒါကြောင့် ၃၁-၈-၂၀၁၁ ရက်နေ့က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ငွေလဲနှုန်းတရားဝင် ပြောင်းလဲသတ်မှတ်ရန်စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ငွေလဲနှုန်းပေါင်းစည်းရေး Exchange Rate Unification ဆောင်ရွက်ပြီးပါက အစိုးရ နိုင်ငံခြားဈေးကွက်ကို ဝင်ရောက်ထိန်းကျောင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းလွှတ်တော်တွင် ပြည်ထောင်စုဝန်ကြီးက ဖြေကြားသွားသည်ကို လှိုက်လှဲဝမ်းသာစွာကြိုဆို ရင်းနဲ့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့် ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့်လိုက်လျော်ညီထွေဖြစ်မည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်အဆိုကို ထောက်ခံဆွေးနွေးအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဦးဝင်းသန်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ကြီးနဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတို့ဟာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ကျင်းပနေတဲ့ ကမ္ဘာ့ဘဏ် အစည်းအဝေးနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့အစည်းအဝေးများကိုတက်ရောက်နေရတဲ့အတွက် ကျွန်တော်ကပဲ ဒီနေ့တင်ပြချက်များကို ရှင်းလင်းဆွေးနွေးသွားပါမယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်တင်နွယ်ဦးရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးရေး အတွက်ခိုင်မာသည့် ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျော်ညီထွေဖြစ်မယ့် နိုင်ငံခြားငွေလဲလှယ်ရေးနှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန် ဆိုတဲ့အဆိုနဲ့ပတ်ပြီး တင်ပြလာတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှာ ပြုလုပ်တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ မိန့်ခွန်းမြွက်ကြားသွားတာရှိပါတယ်။ မြန်မာနိုင်ငံမှာလက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီး နည်းဗျူဟာအမျိုးမျိုးနဲ့စဥ်းစားပုံဖော်လျက်ရှိတဲ့အခါမှာ ယခုအခါမှာ ဖွံ့ဖြိုးတိုးတက်တဲ့လမ်းကြောင်းပေါ်ကိုရောက်နေပြီဖြစ်တဲ့အကြောင်း တိုးတက်မှုပိုမိုလျှင်မြန်စေဖို့နဲ့ ကမ္ဘာ့အခြေအနေများနဲ့ကိုက်ညီရန် လက်ရှိဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များ၊ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးစေရန် Macro စီးပွားရေးမူဝါဒများကို အခြားသော အထောက်အကူပြု အားဖြည့်မူဝါဒ Supporting Policies ဖြစ်တဲ့ အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများ (infrastructure development Policies) အဖွဲ့အစည်းဆိုင်ရာမူဝါဒများ (Institutional Framework Policies) စတာတွေနဲ့ ပေါင်းစပ်သုံးသပ်နိုင်မယ်ဆိုရင် ပိုမိုကောင်းမွန်တိုးတက်နိုင်မှာဖြစ်ကြောင်းနဲ့ ဒီအချက်တွေဟာ မြန်မာ့ Macro စီးပွားရေး တည်ငြိမ်မှုအတွက် များစွာရောင်ပြန်ဟပ်နေတာကို တွေ့မြင်နိုင်ကြောင်းမိန့်ကြားခဲ့ပါတယ်၊ ဒီမိန့်ကြားချက်များနှင့်အညီ ငွေကြေးမူဝါဒများကိုလည်း အခြားသော အထောက်အကူပြု အားဖြည့်မူဝါဒများနဲ့ ပေါင်းစပ်ဖော်ဆောင်နိုင်ဖို့ ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျင့်သုံးလျက်ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုစေနိုင်ဖို့အတွက် ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်တို့ဟာ ဘဏ္ဍာရေးမူဝါဒ Fiscal Policy နှင့် ငွေကြေးမူဝါဒ Monetary Policy တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးမူဝါဒအနေနဲ့ နိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေများကို နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်သူတွေရဲ့ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းများကို တိုးတက်မြင့်မားစေဖို့ ရှေးရှုပြီး နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်နှင့်အညီ နှစ်စဥ်ချိန်ဆ ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ငွေကြေးမူဝါဒကို ကျင့်သုံးပြီး ပြည်တွင်းသုံး ကျပ်ငွေ တန်ဖိုးကို ခိုင်ခံ့တည်မြဲစေဖို့အတွက် ပြည်တွင်းကုန်ဈေးနှုန်းများတည်ငြိမ်စေရေး၊ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းအခြေအနေ ရှင်သန်ကောင်းမွန်ရေး၊ ချေးငွေပမာဏ၊ ငွေကြေးပမာဏနှင့်

အတိုးနှုန်းများ စတာတွေကို အစီအစဉ်တကျနဲ့ ဟန်ချက်ညီညီ ရှိနေစေရေးတို့ကို ဆောင်ရွက်နေရပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ငွေရေးကြေးရေးနဲ့ဆိုင်တဲ့ လုပ်ငန်းများဖြစ်တဲ့အတွက်ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ရသလို နိုင်ငံတော်အတွင်း ထိရောက်တဲ့ ငွေပေးချေမှုစနစ်၊ ငွေကြေးလွယ်ကူမှု၊ ကြွေးမြီပေးဆပ်နိုင်မှု၊ အခြေခံနဲ့ ငွေရေးကြေးရေး စနစ်ရဲ့နည်းလမ်းတကျ ဆောင်ရွက်မှုတို့ကိုလည်း တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ကျင့်သုံးနေတဲ့ ငွေကြေးမူဝါဒများကိုတင်ပြရမယ်ဆိုရင် ဘဏ်များအတွက် သီးသန့်ငွေလိုအပ်ချက် Reserve Requirement ကိုသတ်မှတ်လိုက်နာစေခြင်း၊ မတည်ငွေရင်းလုံလောက်မှုအချိုး Capital Adequacy Ratio၊ ငွေကြေးလွယ်ကူမှုအချိုး Liquidity Ratio တို့ကို သတ်မှတ်လိုက်နာစေခြင်းစတာတွေကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်များနဲ့အညီ သတ်မှတ်ခြင်းဖြစ်ပါကြောင်း ဗဟိုဘဏ်မှ တိကျစွာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ငွေကြေးမူဝါဒများအနက် အတိုးနှုန်းမူဝါဒ Interest Rate Policy နဲ့ ငွေကြေး စာချုပ်များထုတ်ဝေရောင်းချခြင်း၊ Open Market Operation တို့ကိုလည်း ကျွန်တော်တို့ တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်ရဲ့ Macro စီးပွားရေးတည်ငြိမ်မှုအခြေအနေများနဲ့ ငွေရေးကြေးရေး အခြေအနေများပေါ်မှာမူတည်ပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့အတွက် ခိုင်မာတဲ့ငွေကြေးမူဝါဒများ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး သဘာဝကျပြီး ဈေးကွက်နဲ့ လိုက်လျောညီထွေဖြစ်မယ့် နိုင်ငံခြားငွေလဲလှယ်နှုန်း Exchange Rate နဲ့ပတ်သက်ပြီး တင်ပြသွားပါမယ်။ Exchange Rate ဟာ နိုင်ငံ့စီးပွားရေးမှာ အရေးကြီးတဲ့ ညွှန်ကိန်းတစ်ခုဖြစ်တဲ့အတွက် အထူးအလေးထား ဆောင်ရွက်ရန်လိုပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းကိစ္စနဲ့ပတ်သက်ပြီး ကျင်းပလျက်ရှိတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးများနဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးများမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆိုတင်သွင်းခြင်းများအပေါ် ကျွန်တော်တို့ရဲ့ ရှင်းလင်းဖြေကြားချက်များကိုလည်း အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့တာတွေကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်ပါတယ်။ တရားဝင်နိုင်ငံခြားငွေ လဲလှယ်နှုန်း Official Exchange Rate ကို ပြင်ဆင်သတ်မှတ်နိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ လိုအပ်တဲ့ဆောင်ရွက်ဖွယ်ရာတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးတော့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ကျွမ်းကျင်မှုနဲ့ အကြံဉာဏ်များ ရယူပေါင်းစပ်ပြီး ဆောင်ရွက်ရန် စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။ အဲဒီလို နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းခြင်း၊ Exchange Rate Unification လုပ်ငန်းကိုဆောင်ရွက်

ပြီးစီးပါက ဈေးကွက်နဲ့လိုက်လျော်ညီထွေ ဖြစ်မယ့် တရားဝင်နိုင်ငံခြားငွေလဲလှယ်နှုန်းကို စည်းမျဉ်း စည်းကမ်းနှင့်အညီ သတ်မှတ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ဖြစ်ပေါ်လာမယ့် တရားဝင် နိုင်ငံခြားငွေ ဈေးကွက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ ထားရှိဆောင်ရွက်သွားမှာ ဖြစ်ကြောင်း လေးစားစွာဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုစတင်တင်ပြတဲ့ ဒေါ်တင်နွယ်ဦးရဲ့သဘောထားသိလိုပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်မရဲ့ အဆိုသဘောထား မေးတာကို နည်းနည်းလေး ရှင်းပြခွင့်ပြုရန် ဥက္ကဋ္ဌကြီးအား ခွင့်ပန်အပ်ပါသည်။ ကျွန်မရဲ့ဒီအဆိုက ပထမအကြိမ် ပထမလွှတ်တော်မှာကတည်းက တင်ခဲ့တာလို့ ပြောခဲ့တဲ့အတွက် ကျွန်မနောက်ပိုင်း အမျိုးသားလွှတ်တော်တို့၊ တခြားဖြေရှင်းချက်ပေးတဲ့ကိစ္စတွေဟာ ကျွန်မနောက်ပိုင်းမှ ကျွန်မ အဆို တင်သွင်းဖို့ စီစဉ်ပြီးတဲ့နောက်ပိုင်းမှ ဖြစ်ပေါ်ခဲ့တဲ့ကိစ္စဆိုတာ ကျွန်မ အဲဒီ သောကြာနေ့ကတည်းက ပြောခဲ့ပြီးသားပါ။ နောက်တစ်ခုက ဒီ Exchange Rate နဲ့ပတ်သက်လို့ ခက်ခဲမယ် အချိန်တိုအတွင်း လုပ်လို့မရဘူးဆိုတာလည်း ကျွန်မက Professional ဖြစ်လို့ကျွန်မသိပါတယ်။ နောက်တစ်ခု တတိယ အချက်ကတော့ ခုနက ပြည်ထောင်စုဝန်ကြီး အမိန့်ရှိခဲ့သလို သမ္မတကြီးက ဒီ Exchange Rate နဲ့ ပတ်သက်လို့ပြောခဲ့တယ်။ နောက်တစ်ခါ MCC မှာလုပ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု Workshop ကျွန်မ PAC Member အနေနဲ့တက်ခဲ့ပါတယ်။ သမ္မတကြီးရဲ့ Exchange Rate နဲ့ပတ်သက်လို့ အဲဒီမိန့်ခွန်းထဲမှာ ထည့်ပြောခဲ့တာက အဲဒီနေ့က Wednesday ဖြစ်ပါတယ်။ Wednesday မှာ သမ္မတကြီး မိန့်ခွန်းမှာ ဘာပြောခဲ့လဲဆိုရင် Exchange Rate နဲ့ပတ်သက်လို့ Market Price ကိုထည့်ပြောခဲ့ပါတယ်။ MCC မှာလုပ်တဲ့ Workshop ကျွန်မတက်ခဲ့တာကြတော့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနအောက်က ဘတ်ဂျက်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစံသိန်းက ဒီ Exchange Rate နဲ့ ပတ်သက်လို့ ၆ ကျပ်နဲ့စာရင်းရှင်းခဲ့ပါတယ်။ အဲဒီတုန်းကတည်းက ကျွန်မ တင်ပြမယ်စိတ်ကူး တာအခု အခွင့်အရေးရလို့ တင်ပြခွင့်ရတာပါ။ အဲတော့ ဘာပဲဖြစ်ဖြစ် တရားဥပဒေ စိုးမိုးရေးနဲ့ ကြည့်မယ်ဆိုရင် ဒီနှစ်ခုဟာ Controversial ဖြစ်နေခဲ့ပါတယ်။ အဲဒါ ဒု-ဝန်ကြီးကို တင်ပြချင်တဲ့

အကြောင်းအရာပါ။ နောက်တစ်ခုက ကျွန်မကပြောပြီးသား ကျွန်မရဲ့ဒီအဆိုမှာကိုကတည်းက Monetary Rate နဲ့ပတ်သက်လို့ဆိုတဲ့အခါကြတော့ ကျွန်မကလည်း ပြန်ပြီးတော့ ရှင်းချင်ပါတယ်။ Monetary Policy နဲ့ပတ်သက်လို့ ဒီ ဒု-ဝန်ကြီးတို့၊ ဒီဗဟိုဘဏ်ဥက္ကဋ္ဌတို့ ထည့်သွင်းစဉ်းစားရန် အတွက်က ဒီ Interest Rate နဲ့ပတ်သက်လို့ Interest Rate နဲ့ Money Supply နဲ့ ဘယ်လို ဆက်သွယ်လဲဆိုတဲ့ အချက်ကလေးတွေ ထည့်စဉ်းစားဖို့လိုပါမယ်။ နောက်တစ်ချက်ကကြတော့ Reserve Requirement ဆိုတာ Gold Reserve နောက်ပြီးတော့ Banks တွေရဲ့ Reserve တွေ ထည့်ပြီးစဉ်းစားဖို့လိုပါမယ်။ နောက် တတိယအချက်ကကျတော့ Providing လုပ်ရဲ့လား Discount Window Lending ကို Providing လုပ်ရဲ့လားဆိုတဲ့အချက်လိုပါတယ်။ တစ်နည်းအားဖြင့် အဲဒီဟာ Future Market အတွက် Liquidity ဖြစ်တဲ့ကိစ္စတွေဆောင်ရွက်ဖို့ အဲဒီကိစ္စတွေ ထည့်စဉ်းစား ဖို့လိုပါတယ်။ နောက်တစ်ခုက Printing Money လုပ်မယ်ဆိုရင် Inflation မဖြစ်အောင် ဘယ်လို အချက်တွေ ထည့်စဉ်းစားမယ်ဆိုတဲ့ အချက်တွေ တစ်နည်းအားဖြင့် Gold Reserve ရှိရဲ့လား။ နောက် F.E Reserve ရှိရဲ့လားဆိုတဲ့ ထည့်စဉ်းစားဖို့အချက်တွေလိုပါမယ်။ နောက်တစ်ချက်ကကြတော့ ဒီ Currency နဲ့ပတ်သက်လို့ Board ဖွဲ့ထားတယ်။ နောက်တစ်ခါ ဗဟိုဘဏ်ကြီးလည်းရှိတယ်။ နောက်တစ်ခု Over the Counter ဖြစ်တဲ့ MSEC ဆိုတာ မြန်မာလို ဘယ်လိုခေါ်လည်းဆိုတာ ကျွန်မမစဉ်းစားတတ်ဘူး။ Myanmar Security and Exchange Control ဆိုတဲ့ ကော်မတီလည်း ရှိဖူးပါတယ်။ အဲတော့ သူတို့တွေက ဒီ Currency Board ကျွန်မရဲ့ Exchange Rate နဲ့ပတ်သက်လို့ ဘယ်လို Constitute လုပ်ထားသလဲ ဆိုတာလည်း ကျွန်မသိချင်ပါတယ်။ အခု မဖြေနိုင်လည်း နောက်မှဖြေလို့ရပါတယ်။ ကျွန်မအနေနဲ့ ဒီအချက်ကလေးတွေကို Professional တစ်ယောက်အနေနဲ့ ထည့်သွင်းပြောကြားလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပါမယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကတည်းက တင်ခဲ့တယ်ဆိုတာ သတိပြုမိ ပါတယ်။ ဒီနောက်ပိုင်း ပထမအကြိမ် ဒုတိယပုံမှန်လွှတ်တော်အစည်းအဝေးများနဲ့ ပတ်သက်ပြီးတော့ ဒီမှာလည်း ဒီခေါင်းစဉ်နဲ့သက်ဆိုင်တဲ့ဟာများကို အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော် ပြင်ပမှာ ရော၊ လွှတ်တော်အတွင်းမှာရော တစ်ခါထပ်ပြီးတော့ ဒေါ်တင်နွယ်ဦးကပင် ဒီလွှတ်တော်မှာ ပြန်လည် တင်ပြဖို့ ထပ်မံတင်ပြတဲ့အတွက် ဒီဟာကို၊ ဒီအဆိုကိုဆွေးနွေးဖို့ ကျွန်တော်လက်ခံဆောင်ရွက်ခဲ့ ပါတယ်။ ဒီအတွင်းမှာလည်း ကျွန်တော်တို့ဘက်မှာ Confuse ဖြစ်စရာ ဝိဝါဒကွဲစရာတွေ ပေါ်ခဲ့ပါ

တယ်။ ဒါဘာလည်းဆိုတော့ ဒီအဆိုကိုပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ သူတစ်ဦးက တင်ပြထားတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကိုဆွေးနွေးပြီးပြီ။ ဒီအဆိုနဲ့ သဘောချင်းသက်ဆိုင်တဲ့ဟာတွေ ဆွေးနွေးပြီးပြီ။ ဒါကြောင့်မို့လို့ ဆွေးနွေးစရာမလိုတော့ဘူးဆိုတာကို ပြန်လည်တင်ပြကြမယ်ဆိုတဲ့ သတင်းတွေကလည်း ရောက်ပါတယ်။ သို့ရာတွင် အဲဒီသတင်းတွေရောက်ပြီးတဲ့အခါမှာ နောက်ပိုင်း သတင်းသာရောက် ပြီးတဲ့အခါမှာ ခုနက ဒီအဆိုကိုဆက်ပြီးတော့ ဆွေးနွေးစရာမလိုတော့ဘူးဆိုတဲ့ တင်ပြချက်တွေ မလာတဲ့အတွက် ဒီအဆိုကို အစအဆုံးလက်ခံဆွေးနွေးနိုင်တဲ့အနေအထားရှိပါတယ်။ အဲလိုဖြစ်သွားတဲ့ အတွက်လည်း ဒီအဆိုဟာ ပိုပြီးတန်ဖိုးရှိသွားပါတယ်။ အဲတော့ ဒီမှာ ဒေါ်တင်နွယ်ဦး ရဲ့အဆိုကို အဆိုထဲမှာပါတဲ့အတိုင်းပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများ ချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန် ဒီအဆိုဟာ အင်မတန်ကောင်းမွန်တဲ့အဆိုဖြစ်ပါတယ်။ ဆွေးနွေးသွားသလိုပဲ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီနေ့ပြောနေကြတဲ့ Fiscal Policy တို့၊ Monetary Policy တို့ ဒါတွေဟာ ကောင်းဖို့လိုပါတယ်။ ခေတ်စနစ်နဲ့လိုက်လျောညီထွေရှိဖို့လိုပါတယ်။ အဲဒါတွေကောင်းမှ သာလျှင် မိမိတို့မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးဖို့ဆိုလို့ရှိရင် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အလွယ်ဆုံးပြောရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံကို ရင်းနှီးမြှုပ်နှံမယ့်သူများလာချင်သော်လည်း ခုနက ပြောခဲ့တဲ့ Policy နဲ့ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံလိုတဲ့သူများရဲ့ စိတ်ဆန္ဒမှာ ယုံကြည်မှု မရှိဘူး။ အခက်အခဲတွေလည်း ရှိတယ်။ ဒါ့ကြောင့်မို့လို့ရင်းနှီးမြှုပ်နှံမှုတွေ ဝင်မလာဘူး။ ဒီဟာကို အခု ကျွန်တော်တို့သိပြီ။ သိတဲ့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဒါနဲ့ပတ်သက်ပြီးတော့ Fiscal Policy, Monetary Policy တွေချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ တင်ပြသွားတဲ့ အတိုင်းပဲ ဒီနေ့ ကမ္ဘာ့ IMF မှာ ပြည်ထောင်စုဝန်ကြီးက သွားရောက်ပြီးတော့ ဆွေးနွေးပြီးတော့ ဒီ ခိုင်မာတဲ့ ငွေကြေးလဲလှယ်မှု လိုက်လျောညီထွေရှိတဲ့ ငွေကြေးလဲလှယ်မှုရရှိရေးအတွက်လည်း ဆောင် ရွက်နေပြီဖြစ်ပါတယ်။ အဲဒီမှာမှ တစ်ခါ သက်ဆိုင်ရာပြည်ထောင်စု၊ ဒုတိယဝန်ကြီးကလည်း ရှင်းပြ ပါတယ်။ ရှင်းပြတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဒီပညာရှင်လည်းဖြစ်၊ ဒီလုပ်ငန်းကိုလည်းစိတ်ဝင်စားတဲ့ အဆိုရှင် ဒေါ်တင်နွယ်ဦးကို သဘောထားမေးတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်ထောင်စု ဝန်ကြီးဌာနက ဒီငွေကြေးများနဲ့ ပတ်သက်ပြီးတော့ ပိုပြီးအဆင်ပြေအောင် ဆောင်ရွက်တဲ့နေရာမှာ စဉ်းစားခဲ့ပြီးတော့ တင်ပြတဲ့ အချက်တွေထက် ပိုလွန်သောအချက်များကို ဒေါ်တင်နွယ်ဦးက တင်ပြ တဲ့အတွက် ဒါလည်း ကျွန်တော်တို့အလေးထားပြီးတော့ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီလို

ကောင်းမွန်တဲ့အကြံပြုချက်ကို အလေးထားစဉ်းစားဖို့ကလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှာရော၊ ကျွန်တော်တို့ လွှတ်တော်မှာရော ဒီလို တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြန်လည်ဖြေကြားဖို့ ဆိုတဲ့နေရာမှာ ဒါကတော့ နောက်တစ်ပိုင်းပေါ့။ လောလောဆယ်တော့ ဒေါ်တင်နွယ်ဦးတင်ပြတဲ့ တင်ပြချက်၊ အကြံပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနကလည်း တင်ပြနေစဉ်မှာပဲ ခေါင်းတညိမ့် တညိမ့်နဲ့ နားထောင်နေတဲ့အတွက် ဒီအကြံဉာဏ်ကို လက်ခံပြီးတဲ့အခါမှာ ဆက်လက်ဆောင်ရွက် သွားမယ်ဆိုတဲ့ အဖြေသဘောမျိုးသက်ရောက်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒီအတိုင်းပဲ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသား၊ ကိုယ့်လူမျိုး တိုးတက်ကြီးပွားရေး အတွက်၊ ကောင်းစားရေးအတွက် ကောင်းမြတ်တဲ့အကြံဉာဏ်တွေကို မည်သည့်နိုင်ငံသားမဆို တင်ပြလာလို့ရှိရင် လက်ခံဆောင်ရွက် သွားရမှာပါပဲ။ ဒါကလည်း ဒီနေ့ပြောနေတဲ့ ဒီမိုကရေစီရဲ့ ကျင့်စဉ်တစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးချုပ်ပြောမယ်ဆိုရင် ဒေါ်တင်နွယ်ဦးက ပြောပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်၊ ဥက္ကဋ္ဌကြီးရဲ့ အဆုံးအဖြတ်ကို နာခံပါ့မယ်ဆိုတဲ့သဘောပြောပါတယ်။ ဒီလို ပြောလိုက်တဲ့အတွက် ကျွန်တော်တို့ ဘက်က ပြန်ပြီးသုံးသပ်တဲ့အခါမှာ အခု ဒေါ်တင်နွယ်ဦး အဆိုပြုတင်ပြထားတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့် ငွေကြေးမူဝါဒများ ချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန် ဆိုတဲ့အဆိုဟာ ဒီကနေ့တော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဒီအဆိုအတိုင်းပဲ ဆောင်ရွက် နေပြီဖြစ်တဲ့လုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ရာတွင် ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ဆောင်ရွက်မှုမှန်ဖို့နဲ့ လျင်မြန်ဖို့ ကိစ္စကလည်း ဒီနေ့အတွက် အမှန်တကယ်လိုအပ်တဲ့ ကိစ္စတစ်ခုပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ လွှတ်တော်မှာလည်း ကော်မတီများ ဖွဲ့စည်းထားပါတယ်။ သက်ဆိုင်ရာကော်မတီက ပြည်ထောင်စု ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေကို စောင့်ကြည့်ပြီး လိုအပ်တဲ့ကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုလည်း ပြုဖို့လိုပါတယ်။ အဲဒီအခါမှာ ဒီစနစ်ဟာ မှန်ကန်ပြီးတော့ မြန်ဆန်စွာပေါ်ထွက်လာမှာဖြစ်တယ်လို့ပဲ ကျွန်တော်တို့ ဒီလိုပဲယုံကြည်ခံယူပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ဆိုတဲ့နေရာမှာ တစ်ခါတည်းကျွန်တော်တို့ ဆုံးဖြတ်လို့ရပါတယ်။ အခုတင်သွင်းတဲ့အဆိုဟာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့လုပ်ငန်း ဖြစ်တဲ့ အတွက် သီးခြားထပ်မံတင်သွင်းရန်၊ ဖော်ပြရန်မလိုဘဲ ဒီပြည်ထောင်စုဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက် တွေကိုစောင့်ကြည့်ပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကော်မတီက ညှိနှိုင်းပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျွန်တော်တို့လိုလား တာ ဒေါ်တင်နွယ်ဦးတစ်ယောက်တည်း လိုလားတာမဟုတ်ပါဘူး။ ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့်နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်အဆိုကို လွှတ်တော်ကဆောင်ရွက်နေပြီ၊ ဆောင်ရွက်နေဆဲဖြစ်တဲ့အဆို ဖြစ်တဲ့အတွက် မှတ်တမ်းတင်ပြီး ဒီအဆိုဖြစ်မြောက်အောင် စောင့်ကြည့်ဆောင်ရွက်သွားမယ်လို့ပဲ လွှတ်တော်ကိုယ်စားလှယ်များက ဒီလိုပဲသဘောတူဆုံးဖြတ်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့ တင်ပြချက်ကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောတူတဲ့အတွက် ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့်ငွေကြေးမူဝါဒများချမှတ်ပြီး သဘာဝကျ၍ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဥပဒေနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်အဆိုသည် မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်မှုကို စောင့်ကြည့်ပြီး သက်ဆိုင်ရာ လွှတ်တော်ကော်မတီမှ ကူညီဆောင်ရွက်သွားရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာသုံးဆောင်ရန်အတွက်အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ညနေ ၁၅း၀၀ နာရီ အချိန်မှာ ဒီလွှတ်တော်အဆောက်အဦအတွင်းမှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးအစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ရပ်ပြုလုပ်ကျင်းပခဲ့ပါတယ်။ အဲဒီ ညှိနှိုင်းအစည်းအဝေးရဲ့ဆုံးဖြတ်ချက်အရ၊ ဆုံးဖြတ်ချက်ကို လွှတ်တော်ကို အတည်ပြုရယူလိုပါတယ်။ အဲဒီနေ့အစည်းအဝေးမှာ ဦးသိန်းဆွေ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီဟူ၍လည်းကောင်း၊ ဦးစိုးနိုင် ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဟူ၍လည်းကောင်း ကော်မတီအမည်ဖြည့်စွက်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီပြင်ဆင်ချက်နဲ့စပ်လျဉ်းပြီး၊ လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါတယ်။အထက်ပါ ကော်မတီနှစ်ခုရဲ့ အမည်ဖြည့်စွက်ပြင်ဆင်မှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် အထက်ပါလွှတ်တော်ကော်မတီနှစ်ခုရဲ့ အမည်ဖြည့်စွက်ပြင်ဆင်မှုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ဖြန့်ဝေထားတဲ့ အစီအစဉ်များကိုလည်း လိုအပ်ချက်အရ ပြောင်းလဲဖို့ ရှိပါတယ်။ အစီအစဉ် ၁၂ ကနေပြီးတော့ အစီအစဉ် ၁၅ အထိ ဒီအစီအစဉ်များကို ယခု ဆက်လက်အစဉ်လိုက် ကျင်းပပြီးတော့ ၊ အဲဒီနောက်မှာမှ အစီအစဉ် ၆ နဲ့ နောက်ပိုင်းကို ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းအသိပေးတင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်းအစီအစဉ်ဆက်လက်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မိယဉ်ချမ်း(ကျိုက်မရောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တင်သွင်းသွားမယ့် အဆိုကတော့ မြန်မာနိုင်ငံမှာလက်ရှိကျင့်သုံးနေတဲ့ ပြစ်မှုဆိုင်ရာဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး

ဥပဒေများ၌ အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေများတွင် ပြောင်းလဲလာသော အခြေအနေ အရပ်ရပ်နှင့် လိုက်လျောမှုမရှိသည်များကို ပြင်ဆင်ဖြည့်စွက်ရန် အောက်ပါအတိုင်း အဆိုပြုတင်သွင်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) တွင် မူရင်း ပြဋ္ဌာန်းချက်ဖြစ်သော မည်သူမဆို လုံလောက်သော ဥစ္စာအင်အားရှိလျက်နှင့် မိမိ၏ဇနီးကိုဖြစ်စေ၊ ကိုယ်တိုင်ရှာဖွေစားသောက်နိုင်ခြင်း မပြုနိုင်သည့် တရားဝင် သို့မဟုတ် တရားမဝင်သားသမီးကို ဖြစ်စေ၊ ထောက်ပံ့ခြင်းမပြုပဲ ပေါ့လျော့နေလျှင် သို့မဟုတ် ထောက်ပံ့ရန် ငြင်းပယ်လျှင် ခရိုင်ရာဇဝတ် တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး တစ်ဦးဦးသည် ထိုကဲ့သို့ ပေါ့လျော့မှု သို့မဟုတ် ငြင်းပယ်မှုအတွက် ခိုင်လုံသောအထောက်အထားရရှိ သောအခါ အဆိုပါ ပျက်ကွက်သူသည် သူ၏ ဇနီး သို့မဟုတ် သားသမီးကို တစ်လလျှင် မိမိသိသည့် ထင်မြင်သည့်အတိုင်း ကျပ်တစ်ရာထက်မပိုသော လစဉ်ထောက်ပံ့ကြေးပေးရန်နှင့် ရာဇဝတ်တရား သူကြီးက အခါအားလျော်စွာ ညွှန်ကြားသည့်အတိုင်း အဆိုပါသူသို့ပေးရန် အမိန့်ချမှတ် နိုင်သည်ဟု ပြဋ္ဌာန်းပါရှိရာ အဆိုပါပြဋ္ဌာန်းချက်သည် ယနေ့ငွေကြေးတန်ဘိုးအခြေအနေအရ ကိုက်ညီဆီလျော်မှု မရှိတော့ပါသဖြင့် ပျက်ကွက်သူသည် သူ၏ဇနီး သို့မဟုတ် သားသမီးကို တစ်လလျှင် မိမိသင့်သည် ထင်မြင်သည့်အတိုင်း ကျပ်သုံးသောင်းထက်မနည်းသော လစဉ်ထောက်ပံ့ကြေးပေးရန် သို့မဟုတ် ခင်ပွန်းဖြစ်သူ၏ ဝင်ငွေအပေါ် အခြေခံကာသင့်တင့်သော Reasonable ထောက်ပံ့ကြေးငွေကို ချမှတ်ပေးရန်ဟု ပြင်ဆင်သင့်ကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၁၅ တွင် မူရင်းပြဋ္ဌာန်းချက် ဖြစ်သော မည်သူမဆိုတစ်ဦးတစ်ယောက်သော သူအားလှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခံရသော သူကသူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတစ်ပါးထံတွင် ပစ္စည်းတစ်ခုခုကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန်ဖြစ်စေ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား လိမ်လည် လှည့်ဖြားလိုသောသဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်သော်လည်းကောင်း၊ သွေးဆောင်လျှင် သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့ လှည့်ဖြားခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံရခဲ့သော မိမိပြုမည်မဟုတ်သော သို့တည်း မဟုတ် မိမိပျက်ကွက်မည်မဟုတ်သော အရာကိုပြုစေရန်သော်လည်း၊ မပြုဘဲ ပျက်ကွက်စေရန် သော်လည်းကောင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင်သွေးဆောင်လျှင်၊ ထိုပြင် ထိုပြုလုပ်မှု

ကသို့တည်းမဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်းသော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်းဖြစ်စေလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏ဟု ပြဋ္ဌာန်းထားပါတယ်။ ထိုပြဋ္ဌာန်းချက်အား ရှင်းလင်းချက်တွင် မရိုးမဖြောင့်သော သဘောနှင့် အကြောင်းအခြင်းအရာများကို ထိမ်ချန်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ်အရ လှည့်ဖြားခြင်းမည်၏ဟု ဖော်ပြပါရှိရာ ထိုသူ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ၎င်း၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ စသည့်ပြဋ္ဌာန်းချက်သည် ပစ္စည်းနှင့် ပတ်သက်သောကိစ္စသာလျှင် အကျုံးဝင်သည်မဟုတ်ပါ။ လက်ထပ်မည်ဟု လှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမပေးအပ်ခဲ့သည့် အမျိုးသမီးသည် ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ဖြစ်စေ အနစ်နာခံရပြီး ဖြစ်သည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိကြောင်းဖြင့် နိုင်ငံတော်တရားရုံးချုပ် စုံညီခုံရုံးမှ သုံးသပ်ဆုံးဖြတ်ခဲ့သည်ကို ယခုတိုင် ဆက်လက် အတည်ပြု လိုက်နာကျင့်သုံးလျှက်ရှိပါတယ်။ စီရင်ထုံးအနေဖြင့်သာ လိုက်နာကျင့်သုံးနေရပါသဖြင့် အဆိုပါ ဥပဒေပုဒ်မ (၄၁၅) တွင်ရှင်းလင်းချက် (၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း သုံးသပ် တင်ပြအပ်ပါတယ်။ ထိုပြဋ္ဌာန်းချက်အား ဖြည့်စွက်လိုသည့်အချက်မှာ အမျိုးသားတစ်ဦးက အမျိုးသမီး တစ်ဦးကို လက်ထပ်ပါမည်ဟုအယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ်အရလှည့်ဖြားခြင်းမည်၏ဟု ထပ်မံထည့်သွင်း ဖြည့်စွက်ရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ မူရင်းပြဋ္ဌာန်းချက်တွင် မည်သူမဆို လိမ်လည်မှုကျူးလွန်လျှင် ထိုသူကိုတစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ၊ ချမှတ်ရမည်ဟု ဖော်ပြထားပါတယ်။ အထက်အပိုဒ် ၁ (ခ) ပါပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၄၁၅ တွင် ရှင်းလင်းချက် ၂ အဖြစ် ထပ်မံဖြည့်စွက်ထည့်သွင်းရန် အဆိုပြုတင်ပြ ခဲ့သဖြင့် ယင်းအတွက် ပြစ်ဒဏ်ကိုလည်း ပြစ်မှုနှင့်လိုက်လျောညီထွေရှိစေရန် အလို့ငှာ အကယ်၍ ကာမရယူသည့် လိမ်လည်မှုကျူးလွန်လျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ချမှတ်ရမည်ဟု ဖြည့်စွက်ထည့်သွင်းရန် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ၏ကင်းလွတ်ချက်တွင် ယောကျ်ားသည် အသက်ဆယ့်သုံးနှစ်အောက်မဟုတ်သေးသော မိမိ၏ မယားနှင့် ကာမစပ်ယှက်ခြင်း သည် မုဒိမ်းမှုမဟုတ်ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်၏ ရှင်းလင်းလိုသည့်အချက်မှာ

ယောကျ်ားတစ်ဦးသည် အသက်ဆယ့်သုံးနှစ်ပြည့်ပြီးသော မိန်းမတစ်ဦးအား ဇနီးမယားအဖြစ် ပေါင်းသင်းခွင့်ရှိကြောင်း ပြဌာန်းသည့် သဘောဖြစ်ပါတယ်။ ကလေးသူငယ် ဥပဒေပုဒ်မ ၂ (က) အရ ကလေးသူငယ်ဆိုသည်မှာ အသက်ဆယ့်ခြောက်နှစ် မပြည့်သေးသောသူကို ဆိုလိုသည်ဟု ပြဌာန်းထား ပါတယ်။ ယင်းအခြေအနေအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်သည် မိန်းမတစ်ဦး သည်ကလေးသူငယ်ဖြစ်သော်လည်း လက်ထပ်ပိုင်ခွင့်ရှိသည့် သဘောသက်ရောက်နေပါတယ်။ သို့ဖြစ် ပါ၍ထိုပြဌာန်းချက်အား ပြင်ဆင်လိုသည့်အချက်မှာ Minimum Age for Marriage လက်ထပ် ထိမ်းမြားနိုင်သည့် အနိမ့်ဆုံးအသက်ကို အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီးသူသာ ဖြစ်သင့်ပါသဖြင့် ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသမီးများအကျိုးကို ပိုမိုကာကွယ်ပေး နိုင်မည့် အထက်ပါ ကျင့်ထုံးဥပဒေနှင့် ဥပဒေ ပြင်ဆင်ရန် အဆိုပြုချက်များကို လေးစားစွာတင်ပြအပ် ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း တင်သွင်းသော၊ အမျိုးသမီးများနှင့်သက်ဆိုင်သော ဥပဒေ များတွင် ပြင်ဆင်ဖြည့်စွက်ရန် အဆိုကို ရှားတောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းနွံက ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း တင်သွင်းတဲ့အဆိုကို ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် သောကြာနေ့ အစည်းအဝေးမှာဆွေး နွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းအား အဆိုတင်သွင်းဖို့ဖိတ်ခေါ် ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး သုံးပါးနှင့် ဒေသဖွံ့ဖြိုးရေးကို ရှေးရှုလျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေး အဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၃ ခုနှစ်၊ လှိုင်ကော်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ၁၆ ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့်ညီညွတ်ရေးကို အစွမ်းကုန်ကြိုးပမ်းသွားရန် မိန့်ကြားခဲ့ခြင်းကို ၁၉၆၄ ခုနှစ်၊ မန္တလေးမြို့မှာ ကျင်းပပြုလုပ်တဲ့ ၁၇ ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက် လာကြသော တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများမှ အကျေအလည်ဆွေးနွေးညှိနှိုင်း အတည်ပြု ခြင်းအပေါ် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သောတော်လှန်ရေး ကောင်စီရဲ့ ၆၅ ကြိမ်မြောက် အစည်းဝေးမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကာ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၈ နာရီ ၃၀ မိနစ်အချိန်တွင် ပညာရေးနဲ့ ကျန်းမာရေးဌာနတာဝန်ခံက ကျောင်းတံဆိပ်မော်ကွန်းကျောက်ပြား ကိုဖွင့်လှစ်ပေးခဲ့ရာမှမွေးဖွားခဲ့ခြင်းဖြစ်ပါတယ်။

၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာတော့၊ စစ်ကိုင်းမြို့ကနေပြီးတော့ ၂၃ မိုင်ကွာဝေးတဲ့ ရွာသစ်ကြီးကျေးရွာအနီး ယခုတည်ရှိတဲ့ကျောင်းနေရာကို ပြောင်းရွှေ့ခဲ့ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတင်ဖွင့်လှစ်သည် မှ ၁၉၉၀-၁၉၉၁ ပညာသင်နှစ် အထိ ဖွံ့ဖြိုးရေးသိပ္ပံကျောင်း အနေနဲ့တည်ရှိခဲ့ပြီး၊ ၁၉၉၁-၁၉၉၂ ပညာသင်နှစ်မှစ၍ တက္ကသိုလ်အဆင့်ကို တိုးမြှင့်ဖွင့်လှစ်လျက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာ ၊ဆရာမများကို လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိပါတယ်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းတော်ကြီးအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဒေသအစုံမှတိုင်းရင်းသား မျိုးနွယ်စု ၁၀၀ ကျော်ရဲ့ရင်သွေးငယ်များ စုစည်းပညာသင်ကြားပေးလျက် ရှိတဲ့ ကျောင်းတော်ကြီး ဖြစ်သည့်အတွက် ပြည်ထောင်စုကြီးထဲကနေပြီးတော့ ပြည်ထောင်စုငယ်သဖွယ် ဖြစ်နေပါတယ်။ ကျောင်းတော်ကြီးအနေနဲ့ လက်တွေ့နယ်ပယ်အသီးသီးကို သွားရောက် တာဝန်ထမ်းဆောင်တဲ့အခါမှာ လိုအပ်ချက်မရှိရလေအောင် ကျောင်းသင်ဘာသာရပ်များ၊ ဆရာအတတ်သင်ဘာသာရပ်များ၊ လက်တွေ့ဘာသာရပ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာရိတ္တဘာသာရပ်များအပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်စေရန် မြန်မာ့အနုပညာ၊ အဆိုအက၊ တိုင်းရင်းသားများရဲ့ရိုးရာအက၊ ရိုးရာသီချင်းများကို သင်ယူခွင့် ရရှိခဲ့တဲ့အတွက်ကြောင့်မို့လို့

ကျောင်းသူ ကျောင်းသားများဟာ ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မြဲပြီး မိမိတိုင်းပြည်၊ မိမိလူမျိုးအပေါ်မှာ ပိုမို သစ္စာရှိလာတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သာဓကအားဖြင့်တင်ပြရရင် ကျွန်တော်တို့ ၁၉၇၀ ခုနှစ်တုန်းက မြန်မာနိုင်ငံအရှေ့ဖျားဒေသမှာ ဗကပအဖွဲ့ကို အကြောင်းပြုလျက် ကျွန်တော်တို့ နိုင်ငံကိုကျူးကျော်စစ်တစ်ခု ဆင်နွှဲခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ကျောင်းမှာတက်ရောက် ပညာသင်ကြားနေတဲ့ ကျောင်းသူ၊ ကျောင်းသားတွေဟာ မခံမရပ်နိုင်ဖြစ်ကာ ဒီရှေ့တန်းစစ်မျက်နှာကို သွားရောက်ပြီးတော့ တိုက်ခိုက်နိုင်ဖို့ဆိုပြီးတော့ ညွှန်ကြားရေးမှူးထံ သွားရောက်ပြီးတော့ တင်ပြကြပါတယ်။ ညွှန်ကြားရေးမှူးကလည်း ကျောင်းသူ၊ ကျောင်းသားတွေအားလုံးကို ချက်ချင်းစုစည်းခေါ်ထုတ်ပြီးတော့ အားလုံးကိုဆုံးမပါတယ်။ ဒီဖြစ်ပျက်နေတဲ့ဟာသည် အခိုက်အတန့်ရဲ့ပြဿနာသာ ဖြစ်ပါတယ်။ မကြာခင်ကာလမှာ ချုပ်ငြိမ်းသွားမှာဖြစ်တဲ့အတွက်ကြောင့် သားတို့သမီးတို့အနေနဲ့ ဒီထက်ချွန်ထက်တဲ့ စည်းရုံးရေးလက်နက်တွေကို တပ်ဆင်ပေးလိုက်ပါမယ်။ ဒီစည်းရုံးရေး လက်နက်တွေနဲ့ ကိုယ့်တိုင်းပြည်မှာ နောက်ထပ်ဒီလိုမျိုး ဆက်မဖြစ်ရလေအောင် တိုင်းရင်းသားတွေကို ပြန်လည်စည်းရုံးကြပါဆိုပြီးတော့ ကျွန်တော်တို့ကိုသွန်သင်ဆုံးမပါတယ်။ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့လည်း ရှေ့တန်းမှာရောက်ရှိနေတဲ့ ရဲဘော်တွေအတွက် ကျွန်တော်တို့ရဲ့ ချွေးနှဲစာ၊ ကျွန်တော်တို့ရဲ့ ခြိုးခြံမှုနဲ့ကူညီပါရစေဆိုပြီးမှ တင်ပြတဲ့အခါမှာ ညွှန်ကြားရေးမှူးကလည်းခွင့်ပြုခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ တစ်ပတ်မှာ ကြက်သားတစ်ကြိမ်ကျွေးပါတယ်။ တစ်လကို ကျွန်တော်တို့ လေးကြိမ်ဆိုတဲ့အတွက်ကြောင့် ကြက်သားမစားဘဲနဲ့ အသီးအရွက်ပဲ စားခဲ့ပါတယ်။ တစ်လမှာ လက်ဘက်ရည် တစ်နေ့ကို နှစ်ကြိမ်သောက်မယ့်အစား တစ်ကြိမ်ပဲသောက်ပါတယ်။ အဲဒီလို ခြိုးခြံပြီးတော့ ဒီရတဲ့ငွေအပြင် စစ်ကိုင်းရွာသစ်ကြီး ချည်မျှင်စက်တည်တဲ့အခါမှာ ဖောင်ဒေးရှင်းချဖို့အတွက် ကျောင်းသူ၊ ကျောင်းသားတွေဟာ စနေ၊ တနင်္ဂနွေမှာ သွားပြီးတော့ လုပ်အားပေးပြီး ရရှိတဲ့ငွေတွေကိုလည်း ရှေ့တန်းစစ်မျက်နှာကို စုစည်းပြီးတော့ တင်ပို့ခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ တိုင်းရင်းသားလူငယ်တွေဟာ တိုင်းပြည်ကိုထိလာလို့ရှိရင် မည်သည့်ရန်သူကိုမှ လက်မခံဘူး။အချိန်မရွေး တွန်းလှန်ဖယ်ရှားမယ်ဆိုတဲ့ သာဓကတစ်ခုဖြစ်ပါတယ်။ ထို့နည်းတူ ၁၉၈၈ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အလုပ်ရုံ၊ စက်ရုံတွေ၊ အခြေခံပညာအဆင့်၊ တက္ကသိုလ်၊ ကောလိပ် အားလုံးကျောင်းပိတ်ခဲ့သော်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကျောင်းကတော့ ကျောင်းပိတ်ခဲ့ခြင်းမရှိဘဲနဲ့ နှစ်ကုန်အောင် တိုင်းရင်းသားစည်းလုံးညီညွတ်စွာဖြင့် ကျောင်းတော်ကြီးကို ပညာသင်ကြားနိုင်ခဲ့တာဟာ သာဓကတွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးရေး

ကျောင်းဆင်းများအနေနဲ့ လက်တွေ့နယ်ပယ်ကိုရောက်တဲ့အခါမှာ ပညာရေးတာဝန်တွေ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်သူများ၊ ဖွံ့ဖြိုးမှုအားနည်းနေသေးသော ဒေသများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပေးနိုင်တဲ့ ကျေးလက်လူငယ်များ၊ ဒေသရဲ့လိုအပ်ချက်အပေါ်မှာ ကျရာကဏ္ဍတာဝန်များထမ်းဆောင်နေသူများဖြစ်သည်ကိုတွေ့ရပါတယ်ခင်ဗျား။ ဥပမာအားဖြင့် ယနေ့ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အဆင့်ဆင့်မှာသော်လည်းကောင်း၊ ယခင်ပါတီကောင်စီအဆင့်ဆင့်မှာသော်လည်းကောင်း ကျရာကဏ္ဍကနေပြီးတော့ တိုင်းပြည်တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ခဲ့တာတွေ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် တိုင်းနှင့် ပြည်နယ်အသီးသီးမှာ ပညာရေးကောလိပ်တွေ ပညာရေးတက္ကသိုလ်တွေ ဖွင့်လှစ်တာဟာ အင်မတန်မှ ဂုဏ်ယူစရာကောင်းပါတယ်။ ပညာရေးကောလိပ်ဖွင့်လှစ်ခြင်းသည် ဒေသတစ်ခုမှာ ဖွင့်လှစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီဒေသက ကလေးတွေသာ စုစည်းပညာသင်ကြားခွင့်ရရှိပြီးတော့ ယခုလို တိုင်းရင်းသားစုံစုံလင်လင် ပညာသင်ကြားနိုင်မယ့်အနေအထားမရှိတာကို တစ်ဖက်ကတွေ့ရပါတယ်။ထိုနည်းတူ အထက်မြန်မာပြည်အတွက် စွမ်းရည်ဒီဂရီကောလိပ်ကို မန္တလေးတွင်လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်တွင်သော်လည်းကောင်း ဖွင့်လှစ်ခဲ့တာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲလာစေဖို့ ရည်ရွယ်၍ ဖွင့်လှစ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ လူကြီးတွေအားလုံးကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ သို့သော်လည်း ကျောင်းဆင်းများသည် ဖွံ့ဖြိုးရေးကျောင်းဆင်းများကဲ့သို့ ကျေးလက်ဒေသတွေမှာ သွားရောက် တာဝန်ထမ်းဆောင်မယ့်အနေအထားမရှိပါဘူး။ ဥပမာအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ် စသည်အားဖြင့် တာဝန်ထမ်းဆောင်ကြမယ့် ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်ဒေသမှာ ကွက်လပ်ဖြစ်နေတဲ့ ဆရာ၊ဆရာမ အပိုင်းကို ဖြည့်ဆည်းနိုင်တဲ့အနေအထား မရှိတာကို တွေ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးရဲ့ထူးခြားချက်များဟာ မြန်မာနိုင်ငံအနှံ့အပြားမှ ကျေးလက်နေဒေသခံ တိုင်းရင်းသားများကို ရွေးချယ်ပြီးတော့ ဘက်စုံပညာသင်ကြားပေးကာ ဇာတိရပ်ရွာဒေသကို ပြန်လည်ရောက်ရှိတဲ့အခါ ဒေသရဲ့လိုအပ်ချက်ဖြစ်တဲ့ ဆရာ၊ ဆရာမများတာဝန်ကို ထမ်းဆောင်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ၈ ရပ်ကို ဦးစီး ဦးဆောင်ပြုလျက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တိုင်းရင်းသားရိုးရာအက၊ တိုင်းရင်းသားရိုးရာသီချင်းများပြန်လည်သင်ကြားပေးခြင်းဖြင့် တိုင်းရင်းသားများတစ်ဦးကိုတစ်ဦး ပိုမိုချစ်ခင်လေးစားလျက် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မြဲ လာသည်ကိုတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့

ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးကို ၂၀၀၉ ပညာသင်နှစ်ကနေစပြီးတော့ သင်တန်းသူ၊ သင်တန်းသား အသစ်တွေကို ခေါ်ယူခြင်းမရှိတော့ပါဘူး။ ၂၀၁၁-၂၀၁၂ မှာသင်ကြားနေတဲ့ စတုတ္ထနှစ်သင်တန်း ဆင်းပြီးရင် ဒီသင်တန်းကျောင်းဟာ ရပ်တန့်မယ့်အနေအထားကို လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးနွယ်စုတစ်ရာကျော် စုစည်းနေထိုင်လျက် ရှိသော ပြည်ထောင်စုကြီးမှာ မရှိမဖြစ်လိုအပ်နေတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ်ကျောင်းတော်ကြီးကို ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် အဆိုကိုလေးလေးနက်နက်၊ လေးလေးစားစားဖြင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများပေါင်းစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ရာသက်ပန် ပူးပေါင်းနေထိုင်လာခဲ့သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ကိုတည်ဆောက်ရာ၌ လည်းကောင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ် ရေးသည် အသက်သွေးကြောပမာ အရေးကြီးလှပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒိဋ္ဌတာဝန်အရေး သုံးပါးသည်လည်း အလွန်အရေးကြီးလှပါတယ်။ ထိုအရေးကြီးသည့် တိုင်းရင်းသားစည်း လုံးညီညွတ် ရေးကို အစဉ်ရှင်သန်ခိုင်မာနေစေရန် ကြိုးပမ်းရာ၌ အထောက်အကူပြုရန် ရည်ရွယ်၍ နိုင်ငံတော်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ၊ ယခု ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတင်သွင်း သွားသော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို လေးလေး နက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းတင်သွင်းသွားတဲ့ အဆိုကို မနက်ဖြန် စက်တင်ဘာလ ၃၀ ရက်(သောကြာနေ့) အစည်းအဝေးမှာ ဆက်လက်ဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလအစီအစဉ် ၆ ဖြစ်တဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း ကိုဆက်လက်ဆွေးနွေးပါမယ်။ စာမျက်နှာ ၁ ၊ကန့်လန့်ဖြတ်ဇယားဆိုလိုပါတယ်။ စာမျက်နှာ ၁၊ အပိုဒ် ၉ (င) ယင်းအတွက် ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီနေ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ အဆိုပြုဥပဒေကြမ်းမှာပါရှိတဲ့ အပိုဒ် ၉ (င) က ပြဋ္ဌာန်းချက်မှာပါရှိတဲ့ အာဏာပိုင်ဆိုတဲ့စကားရပ်ကို ကျွန်တော်က နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားရပ်နှင့် အစားထိုးပြီးတော့ ပြဋ္ဌာန်းပေးဖို့ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်တဲ့နေရာမှာ အာဏာကို ပိုင်စိုးတဲ့သူဟာ ပြည်သူများသာ ဖြစ်ပါတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အာဏာပိုင်တဲ့သူဟာ ပြည်သူများသာ ဖြစ်တယ်ဆိုတာ အားလုံးသိမြင်ကြမှာဖြစ်ပါတယ်။ အာဏာပိုင်အဖွဲ့အစည်းလို့ ဆိုခဲ့ကြသော အဖွဲ့အစည်းများဟာလက်ရှိကာလမှာဆိုရင် အာဏာကို မျှဝေသုံးစွဲသူများသာဖြစ်တယ်ဆိုတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အာဏာပိုင်ဆိုတဲ စကားရပ်ဟာအုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းဖြစ်နေသလို ဖြစ်နေတဲ့ ဒီပြဋ္ဌာန်းချက်မှာ မသုံးသင့်ဘူးလို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှာရှိတဲ့ အာဏာပိုင်များနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုပြီးတော့ ဒီမှာ ပြဋ္ဌာန်းချက်အဆိုပြုထားပါတယ်။ အဲဒီတော့ ဒီမှာလွှတ်တော်ကိုယ်စားလှယ်များရဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်မြေဟာ မြို့နယ်ကိုသာ အခြေခံတာဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် အဖြစ်သတ်မှတ်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မြို့နယ်ကိုသာ အခြေခံတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းရာမှာ အခက်အခဲဖြစ်နိုင်တယ်လို့ ထင်မြင်ယူဆတဲ့အတွက်ကြောင့်မို့လို့ ဒီအာဏာပိုင်ဆိုတဲ့နေရာမှာအစား မြို့နယ်

အုပ်ချုပ်ရေးအပိုင်းကို နိုင်ငံ့ဝန်ထမ်းကိုသာ ပေးထားတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဆိုတဲ့ စကားရပ်နဲ့ အစားထိုးလိုခြင်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ အရဆိုရင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကို နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပေးထားတယ်ဆိုတာတွေ့ရတဲ့ အပြင် ၂၉၁ နဲ့ ၂၉၂ မှာလည်း တပ်မတော်သားဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းအဖြစ် သတ်မှတ်ခေါ်ဝေါ်ထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိသက်ဆိုင်ရာ မဲဆန္ဒနယ်မြေဖြစ်တဲ့ မြို့နယ်အခြေခံ နယ်မြေတွေမှာသက်ဆိုင်ရာ အုပ်ချုပ်ရေးအပိုင်းက အဖွဲ့အစည်းနဲ့လည်းကောင်း၊ တပ်မတော်နဲ့လည်းကောင်း ရဲတပ်ဖွဲ့ဝင်များနဲ့လည်းကောင်း၊ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းများနဲ့သာ ဆက်စပ်ပူးပေါင်း ပေါင်းစပ်ညှိနှိုင်းပေးတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားလုံး အသုံးအနှုန်းသည်သာလျှင် အသင့်တော်ဆုံး ဖြစ်တယ်လို့ ထင်မြင်ယုံကြည်ယူဆပါတယ်။ ဒါကြောင့်မို့ အာဏာပိုင်ဆိုတဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းဆိုတဲ့စကားလုံးနဲ့ အစားထိုးပြဋ္ဌာန်းပေးဖို့ ကျွန်တော် ပြင်ဆင်ချက်အဆို တင်သွင်းခြင်းဖြစ်ပါတယ်။ သို့ပါသော်လည်း ကျွန်တော်တို့ အားလုံးကအများစု မဲဆန္ဒနဲ့ အတည်ပြုခဲ့ပြီးဖြစ်တယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အပိုဒ်(၉)(င)မှာပါတဲ့ ပြဋ္ဌာန်းချက်ဟာ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အပိုဒ်(၉)၊ အပိုဒ်ခွဲ(င)နဲ့ ၏သည်မရွေးတူညီနေတာ ဖြစ်တဲ့အတွက် ဒီတခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းမှာ ပြင်ဆင်လိုက်မယ်ဆိုရင် မူလအတည်ပြုခဲ့ပြီးဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းက အချက်အလက်နဲ့သွားပြီးတော့ ဝိရောဓိဖြစ်နေမှာ စိုးတဲ့အတွက်ကြောင့်မို့လို့ ဒီ ပြင်ဆင်ချက်အဆို တင်သွင်းထားတာကို ကျွန်တော်ပြန်လည်ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးရဲ့ ဥပဒေကြမ်းအပိုဒ်(၉)၊ အပိုဒ်ငယ်(င)မှာ အာဏာပိုင်အစား အုပ်ချုပ်ရေးအဖွဲ့ဆိုပြီးတော့ ပြင်ဆင်ဖို့ တင်ပြခဲ့ပါတယ်။ သို့သော်လည်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းမှာ အာဏာပိုင်ဆိုပြီးတော့ အားလုံးက အတည်ပြုပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သုံးသပ်ကြည့်တာကတော့ ခုန ကျွန်တော်တို့ ဦးစိုင်းဘိုးအောင် တင်ပြသလို အာဏာသည် ပြည်သူလူထု၏ လက်ထဲမှာသာလျှင်ရှိပါတယ်။ အဲဒီအာဏာကို တစ်ဦး

တစ်ယောက်ထဲပဲ ကိုင်တွယ်မယ်ဆိုရင် အာဏာတွေရှည်ဖို့အတွက်ပါပဲ။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ကတော့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့ ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာတဲ့ အခါမှာ အာဏာဆိုတဲ့လုပ်ပိုင်ခွင့်တစ်ရပ်ကို တစ်ဦးတစ်ယောက်တည်းလက်ထဲမှာ အပ်မယ်ဆိုလို့ရှိရင် ဒါဟာ မသင့်လျော်ဘူး။ နောက်တစ်ချက်အနေနဲ့ကတော့ ပြည်သူလူထုနဲ့ ရင်းနှီးတာကတော့ အုပ်ချုပ်ရေး ဆိုတဲ့ဟာသည် ပြည်သူလူထုဟာ အရင်းနှီးဆုံးသော စကားရပ်ဖြစ်ပါတယ်။ အာဏာဆိုတာသည် ပြည်သူလူထုနဲ့ အုပ်ချုပ်တဲ့အာဏာကိုင်ထားတဲ့သူနဲ့ စည်းခြားသလို ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အနေနဲ့တော့ အုပ်ချုပ်ရေးအဖွဲ့နဲ့ သုံးသင့်တယ်လို့ အကြံပြုခဲ့ပေမယ့် ခုန ကျွန်တော် စောစောတုန်းက တင်ပြခဲ့သလို ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းမှာ အာဏာပိုင်အဖြစ်သာ အတည်ပြုခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ရဲ့အဆိုဟာ ဆက်လက်တင်သွင်းဖို့ မလိုတော့ပါ ကြောင်းလေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အပိုဒ် ၉၊ အပိုဒ်ခွဲ(င)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဥ် ၃၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ)အဆိုကို ဦးအောင်သိန်း၊ ရှောင်မဲဆန္ဒနယ်မှ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်သိန်း ခဏ၊ ဥပဒေကြမ်းပဲ အမှားပြင်ပါ။ လွှတ်တော်အခွင့်အရေး ကော်မတီတင်ပြပါ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။၉(င) ပြီးတဲ့ အချိန်မှာ အပိုဒ် ၉(စ) ကိုလည်းပဲ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေမှာပါရှိတဲ့အတိုင်း ညီညွတ်အောင် ပြင်ဆင်ဖို့ တင်သွင်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်ပြောပေးပါ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ၉(စ)က မူရင်းက မဲဆန္ဒရှင်များအား အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်းလို့ပါပါတယ်။ ဒါပေမယ့် ပြည်သူ့ လွှတ်တော်ဥပဒေမှာတုန်းကတည်းက

**ဥက္ကဋ္ဌ**။ ။ဆရာကြီးခဏလေး ဖြေးဖြေးပြန်ပြောပါ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ၉(စ)မှာပါခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ မူလအစကဆိုရင် စာမျက်နှာ ၅၊ တာဝန်အပိုင်းအောက်က ဆိုလိုတယ်ထင်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ တာဝန်များမှာပါ။

**ဥက္ကဋ္ဌ** ။ ။ ဆရာကြီးရပါပြီ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ မဲဆန္ဒရှင်များအား အတွေ့အကြုံဆိုတဲ့နေရာမှာ လွှတ်တော်အတွေ့အကြုံလို့ ပြည်သူ့လွှတ်တော်အပိုဒ် ၉ (စ)မှာ အတည်ပြုထားတဲ့အတွက် ညီညွတ်အောင် ဒီနေရာမှာလည်းပဲ မဲဆန္ဒရှင်များက လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်း တင်ပြခြင်းလို့ပြင်ဆင်လိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဒီလိုဆိုရင် ဒီစာမျက်နှာ ၅ ၊ တာဝန်များအပိုဒ် ၉ ၊ အပိုဒ်ခွဲ(စ)အပြင် ၉ ၊ အပိုဒ်ခွဲ(င)ဟိုတုန်းက တင်ပြသွားတာရှိပါတယ်။ ဦးဖေသန်း ပြင်ဆင်သွားတာ ရှိပါတယ်။ ဒါလည်း ကျွန်တော်တို့ လွှတ်တော်နယ်မြေ၊ လွှတ်တော်နယ်မြေအစား တင်ပြသွားတာ ရှိပါတယ်။ အဲဒီမူလ ဟိုဟာပြန်ပေးပါ။ ဒါကြောင့်မို့လို့ အပြည့်အစုံပြန်ပြီးတော့ ပြင်ဆင်ပေးပါ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ၉ ၊ အပိုဒ်ခွဲ(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့်ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ရပြီ။ ဦးဖေသန်း မှန်ပါသလား။

**ဦးဖေသန်း** ။ ။တစ်ခုကျန်ပါသေးတယ်။ နောက်ဆုံးအပိုဒ်မှာပါ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုတာ ကျွန်တော်ဖြည့်ခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုတဲ့ စကားလုံးပါ မနေ့က အတည်ပြုပြီးသားဖြစ်ပါတယ်။ အဲဒီဆောင်ရွက်ဆိုတဲ့စကားလုံးမှာ အတည်ပြုပေးစေချင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကဲဒါဖြင့်ရင်တော့ အပြစ်တင်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒီတစ်ခါကျတော့ ဦးအောင်သိန်းတို့က ဒီမှာ ပြင်ဆင်ချက်မပေးလိုက်တော့ဘူး။ ဦးဖေသန်း သူကလည်း ဘာပဲဖြစ်ဖြစ် ရှေ့နောက်လည်းညီညွတ်သွားတယ်။ ဒါကြောင့် ခုနက အရင်ပြင်ဆင်ထားတဲ့၊ ဦးဖေသန်းပြင်ဆင်

ထားတဲ့အပိုဒ် (င)လွှတ်တော်အစား မဲဆန္ဒနယ်မြေနဲ့ အာဏာပိုင်များနှင့် ညှိနှိုင်းပေးခြင်းနေရာမှာ ညှိနှိုင်းဆောင်ရွက်ပေးခြင်းကိုလည်း ပြင်ဆင်ချက်အဆိုတစ်ရပ်အနေနဲ့ သတ်မှတ်ပြီး ဒီအဆိုကို အတည်ပြုကြောင်း ကြေညာရမယ့် သဘောရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါတော့ ပုံစံတကျဖြစ်အောင် ပြန်ရေးဖို့လိုတယ်။ ခုနက ဦးအောင်သိန်း၊ ရွာငံ မဲဆန္ဒနယ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကျွန်တော် တင်ပြ ထားတဲ့ အဆိုပြုချက်တွေဟာ ပြည့်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးခဲ့စဉ်က ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ ထပ်တူထပ်မျှဖြစ်ပါတယ်။ လွှတ်တော်အချိန်ကို လေးစား သောအားဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းပါ အပိုဒ် ၇၉ နဲ့ပတ်သက်ပြီး ပြင်ဆင်ချက်ကလွဲရင် ကျန်အဆိုပြုတင်ပြထားချက်တွေကို ပြန်လည်ရုပ်သိမ်းခွင့်ပြု ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းကတော့ ပြည်သူ့လွှတ်တော်ရဲ့အချိန်ကို လေးစား၍ဆိုတော့ ရှေ့က ဦးစိုင်းတို့ ၊ ဦးစိုင်းဘိုးအောင်တို့က မလေးစားမဟုတ်ပါဘူး။ ပြန်ပြီးကြားအောင် ပြန်ပြောတဲ့ သဘောဖြစ်ပါတယ်။ ဒါ့ကြောင့် အပိုဒ် ၁၂၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း အပိုဒ် ၂၈ ကို ပြည်သူ့ လွှတ်တော်ဥပဒေမှာပါတဲ့ အပိုဒ်နှင့်ညီညွတ်မှုရှိအောင် ကျွန်တော့်အနေနဲ့ ပြင်ဆင်ခွင့်ပြုပါရန်တင်ပြ အပ်ပါတယ်။ အပိုဒ် ၂၈ မှာဆိုထားတာ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို စနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက လိုအပ်သည့်အချိန်တွင်ခေါ်ယူ ကျင်းပရမည်ဟု ပြည်သူ့လွှတ်တော်မှာ တင်ပြထားတဲ့အတိုင်း ပြင်ဆင်ခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥက္ကဋ္ဌကလိုအပ်သည့်အချိန်တွင် ခေါ်ယူကျင်းပရမည်။ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ အခုလို မပြင်ဆင်ဘဲနဲ့ ကျန်နေတဲ့အတွက် ရှေ့နောက် ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်နဲ့ မညီညွတ်တဲ့ကိစ္စများ ရှိလို့ရှိရင်လည်း မကျန်ရအောင်ထပ်ပြီးတော့ တင်ပြပေးပါ။ ဒါ့ကြောင့် ပြင်ဆင်ချက်အဆိုမှာမပါပေမယ့် ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်တုန်းကတည်းက ပါဝင်ခဲ့တဲ့ အပိုဒ် ၂၈ လွှတ်တော်၏လုပ်ငန်းတာဝန်များကို စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌကလိုအပ်သည့်အချိန်တွင် ခေါ်ယူကျင်းပရမည် သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၊

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၄၁ မှာ ဖော်ပြထားတဲ့အချက်များကို ပြည်သူ့လွှတ်တော်တုန်းက ပြင်ဆင်တဲ့အချက်နဲ့တူညီရန်အတွက် တင်ပြချင်ပါတယ်။ ဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ အပိုဒ် ၄၁ ၊ စာကြောင်းရေ ၄ မှာ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်းရဲ့နောက်မှာ အခြားပါတီတစ်ခုခုကို ထိခိုက်ပြောဆိုခြင်းဟု ဖြည့်စွက်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းမှာလည်းပဲ ပြင်ဆင်ခဲ့ပါတယ်။ အခုလည်းပဲ ဒီဖြည့်စွက်ချက်ကို ထည့်သွင်းပြီး ပြင်ဆင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်ဖတ်ပြပါ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။အပိုဒ် ၄၁ ၊ စာကြောင်းရေ ၄ ၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်းနောက်မှာ အခြားပါတီတစ်ခုခုကို ထိခိုက်ပြောဆိုခြင်းလို့ ဖြည့်စွက်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အပိုဒ် ၄၁ ၊ စာကြောင်းရေ ၄ ၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ ပြီးနောက်မှာ အခြားပါတီတစ်ခုခုကို ထိခိုက်ပြောဆိုခြင်းကို ဖြည့်စွက်မှုအား အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ရန်ရှိပါသေးလား။ ဒီကြားထဲမှာ ရှိပါသေးလားဆရာ။ အခုကြားပိုဒ်အတွင်းမှာရှိသေးလား။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ကြားပိုဒ်အတွင်းမှာ မရှိပါဘူးခင်ဗျား။ ၇၈ ကိုပဲ သွားလို့ရပါတယ်။

**ဥက္ကဋ္ဌ** ။ ။ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း( နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ မူလအပိုဒ် ၇၈ ကို ၇၉ ဟုလည်းကောင်း၊ မူလအပိုဒ် ၇၉ ကို ၇၈ ဟု လည်းကောင်းပြောင်းရန် အဆိုပြုရခြင်းမှာ မူလအပိုဒ် ၇၉ မှာလွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်တည်ထောင် ပေးရမည်ဆိုတဲ့ ဖော်ပြချက် ပါရှိပြီးတော့ ရှေ့အပိုဒ်ဖြစ်တဲ့ အပိုဒ် ၇၈ မှာ လွှတ်တော်ရုံးထပ်ပြီးဖြည့်စွက်မယ့် လွှတ်တော် ကိုယ်စားလှယ်ရုံးများနဲ့ လွှတ်တော်လုပ်ငန်း ဆိုင်ရာကိစ္စအဝဝအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများအရ ဘတ်ဂျက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရမှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်ဆိုတဲ့ ဖော်ပြချက်ပါရှိတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ဆီလျော် မှုရှိအောင်နဲ့ သဘာဝကျအောင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ အပိုဒ်စဉ်များနဲ့ ဆင်တူယိုးမှားဖြစ်အောင် ရှေ့နောက်အပြန်အလှန် ပြောင်းရန်အဆိုပြုရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် အမှတ်စဉ် ၂ ကို ဖော်ပြရမယ်ဆိုလျှင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း အပိုဒ် ၆၇ မှာ လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်တည်ထောင်ပေးခြင်းဟု ဖော်ပြထားတဲ့အပိုဒ်ဖြစ်ပြီးတော့ အပိုဒ် ၆၉ မှာတော့ လွှတ်တော်ရုံးနဲ့ လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စ အဝဝအတွက် နှစ်စဉ်ဘတ်ဂျက်လျာထားချက်၊ ရေးဆွဲပေးပို့ခြင်းကို ဖော်ပြထားတဲ့အပိုဒ်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် မူလအပိုဒ် ၇၈ ကို ၇၉ ဟုလည်းကောင်း၊ မူလအပိုဒ် ၇၉ ကို ၇၈ ဟုလည်းကောင်း ပြောင်းလဲသတ်မှတ်ပေးရန်ဆိုပြီး တင်သွင်းခြင်းဖြစ်ပါတယ်။ နောက်ဆက်တွဲ ၇၉ ၊ အပိုဒ်ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖြည့်စွက်ခြင်းနဲ့ ပတ်သက်ပြီးတော့ မနေ့က တင်ပြသွားတဲ့ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေကြမ်းဟာနဲ့တူသွားအောင် ကျွန်တော် ဒီလွှတ်တော်ကိုယ်စားလှယ်ရုံး ဖြည့်စွက်ခြင်းကို ပြန်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာစိုင်းကျော်အုန်း အဆိုပြုသွားတဲ့ ပြင်ဆင်ချက်ကို ကျွန်တော်ထောက်ခံပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုင်းရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာစိုင်းကျော်အုန်းတင်ပြတဲ့အဆိုမှာ ဖြည့်စွက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများဆိုတာကို ရုပ်သိမ်းသွားတဲ့အတွက်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥပဒေမှာပါရှိတဲ့ အပိုဒ် ၇၈ ကို မူရင်း အတိုင်းထားရှိဖို့သင့်ကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်ရန်မလိုတော့ပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် တင်ပြအဆိုပြုတဲ့နေရာမှာ မူလအပိုဒ် ၇၈ ကို ၇၉ ဟုလည်းကောင်း၊ မူလအပိုဒ် ၇၉ ကို ၇၈ ဟုလည်းကောင်း ပြောင်းရန်ဆိုတာနဲ့ပတ်သက်လို့ ဘယ်လိုသဘောထားရှိပါသလဲ။

**ဒေါက်တာစိုင်းရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ပြောင်းဖို့မလိုအပ်တော့ပါဘူးခင်ဗျား။ မူရင်းအတိုင်းပဲ ထားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဒေါက်တာစိုင်းကျော်အုန်းရဲ့သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း**။ ။လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြောင်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်မနေ့က ပြည်သူ့လွှတ်တော်ဥပဒေကြမ်းမှာ ခုန ကျွန်တော်ရှင်းပြတဲ့အတိုင်းပါပဲ။ အဲဒီလွှတ်တော်ရုံးကြတော့ ရှေ့မှာရှိပါတယ်ခင်ဗျား။ ဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့နောက်အပိုဒ်မှာ ပြန်ရေးထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ မနေ့ကဟာနဲ့ ဆင်တူဖြစ်သွားအောင်ကျွန်တော်ပြောင်းရခြင်း ဖြစ်ပါတယ်။ အဲဒါကျေးဇူးပြုပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီက ပြန်ပြီးတော့ စိစစ်ပေးပါဦးလို့ မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲကျွန်တော် ကြားကပြောပါမယ်။ အကယ်လို့ ဒေါက်တာစိုင်းကျော်အုန်းပြောတဲ့အတိုင်း ပြည်သူ့လွှတ်တော်ဥပဒေတုန်းက ဖြစ်မယ်ဆိုလို့ရှိရင် အခုသူ့ရဲ့ တင်ပြချက်ဟာလည်း ရှေ့အပိုဒ်၊ နောက်အပိုဒ်ပဲ လဲလိုက်ဖို့ဖြစ်တဲ့အတွက် ဒါသိပ်ပြီးတော့ ပြဿနာမရှိပါဘူး။ ဒေါက်တာစိုင်းကျော်အုန်း သဘောတူပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ၊ အပိုဒ် ၇၉ ၊ ဒေါက်တာစိုင်းကျော်အုန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်မှာလည်း ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်များရှိသောဆိုတဲ့ဟာကို ပြန်ပြီးတော့ ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇၉ နဲ့ပတ်သက်ပြီးတော့ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။ ဒီကျွန်တော့်ပြင်ဆင်ချက်နဲ့ပတ်သက်လို့ မနေ့ကလည်း ပြည်သူ့လွှတ်တော်ဆွေးနွေးပွဲမှာ အတည်ဖြစ်ခဲ့ပါပြီ။ အဲဒါဆိုတော့ ကျွန်တော်ပြင်ချင်တဲ့သဘောက လိုအပ်သောဆိုတဲ့နေရာမှာ လိုအပ်သလိုဆိုတဲ့အပိုဒ်နဲ့ပြင်ပါတယ်။ ဘာဖြစ်လို့တုန်းဆိုရင် ဒီ မလိုအပ်တဲ့ မြို့နယ်ဆိုတာ ရှိမှာမဟုတ်ပါဘူး။ အကုန်လုံးလိုနေမှာပါ။ အဲဒါကြောင့်မို့လို့ ကျွန်တော်က လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို မြို့နယ်များတွင် လိုအပ်သလိုဖွင့်လှစ် တည်ထောင်ပေးရမည်ဟု ပြင်ဆင်ချက်အဆို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ပြင်ဆင်တင်သွင်းသော အဆိုကို ကျွန်တော်က ထောက်ခံပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်သိန်းပြင်ဆင်ဖို့ တင်သွင်းထားတဲ့အချက်ဟာ ပြည်သူ့လွှတ်တော်တုန်းက လည်းပဲ အလားတူတင်သွင်းတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ သဘောတူခဲ့ပြီးဖြစ်

ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်သောနေရာမှာ လိုအပ်သလိုဆိုတဲ့ပြင်ဆင်ချက်ကို လက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇၈ နှင့် အပိုဒ် ၇၉ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရှာငံမဲဆန္ဒနယ်မှ အပိုဒ် ၇၉ (ခ) နှင့်ပတ်သက်ပြီး အဆိုတင်သွင်းရန်ရှိက တင်သွင်းရန်ဖြစ်ပါတယ်။

**ဦးအောင်သိန်း (ရှာငံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအဆိုနဲ့ ပတ်သက်လို့ ကျွန်တော်ပြန်လည်ရုပ်သိမ်းပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၈၀ နှင့် ၈၁ တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအပိုဒ် ၈၁ တွင် အပိုဒ်သစ်တစ်ခု ဖြည့်စွက်ရန်အဆိုတင်သွင်းမည့် ဦးသိန်းထွန်းဦးအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အပိုဒ် ၈၁ အောက်မှာ ကျွန်တော်တို့ အပိုဒ် ၈၂ ဆိုပြီးတော့အသစ်ပြဋ္ဌာန်းတင်သွင်းမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သာမန်ကိစ္စရပ်များကို သုံးလတစ်ကြိမ်၊ အထူးကိစ္စရပ်များကို လစဉ်လွှတ်တော်သို့တင်ပြစေ၍ ဆက်သွယ်ဆောင်ရွက်ရမည်ဟု အဆိုပြုတင်ပြထားပါတယ်။ သို့ပါသော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်ဟု အတိအလင်းပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ (ခ) နဲ့အညီ ဆောင်ရွက်ကြမည်ဟု

ယုံကြည်ပါသောကြောင့် မိမိတင်သွင်းထားသောအဆိုအား သီးခြားပြဋ္ဌာန်းရန်မလိုတော့ပါသဖြင့်အဆို အားပြန်လည်ရုပ်သိမ်းပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ကပြန်လည်ရုပ်သိမ်းသွားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒါ ကျွန်တော်ကတင်သွင်းမယ့်အဆိုဖြစ်ပါတယ်။ အဆိုမှာ ဥပဒေကြမ်းပါ ခေါင်းစဉ်နှင့်နိဒါန်း သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဆိုင် ရာနည်းဥပဒေ ၁၅၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းဖို့ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး၊ ဒေါက်တာ စိုးရင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးရန်အတွက် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီမှ တင်သွင်းသွားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအဆိုအား ထူးထူးခြားခြားဖြစ်တဲ့အတွက် ထူးထူးခြားခြားကို လေးလေးနက်နက်ထောက်ခံ ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ အဆိုမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်

ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးသည် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ (ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်၊ သောကြာနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။